မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၄၈ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် ) } **သောကြာနေ့ [ အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၃) နှင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၃) တို့ဖြင့် ဖွဲ့စည်းခဲ့သော **ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ**ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | |
|---|---|
| (၁) ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (၂) ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၄) ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၂) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၇) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၀) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၁) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၂) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၃) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၄) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၂၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(၂၆) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
နယ်စပ်ရေးရာဝန်ကြီးဌာန

(၂၇) ပြည်နယ်အုပ်ချုပ်ရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရခိုင်ပြည်နယ်

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၃) ဖြင့် ဖွဲ့စည်းခဲ့သော **ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများ**ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) **လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ**

(၁) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(၄) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(၅) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(၆) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၇) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(၈) ပြည်နယ်ဥပဒေချုပ် ပြည်နယ်ဥပဒေချုပ်ရုံး ရခိုင်ပြည်နယ် — အဖွဲ့ဝင်

(၉) ဒုတိယတိုင်းမှူး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ — အတွင်းရေးမှူး

(၁၂) ပြည်နယ်အုပ်ချုပ်ရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရခိုင်ပြည်နယ် — တွဲဖက်အတွင်းရေးမှူး

(ခ) "တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ" နှင့် "လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ" တို့အား ပေါင်းစပ်၍ ပြင်ဆင်ဖွဲ့စည်းသည့် **လုံခြုံရေးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကို မြို့နယ်၊ ကျေးရွာအဆင့်ထိ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(၂) ရခိုင်ပြည်နယ်အတွင်း ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်ရေး တာဝန်ယူဆောင်ရွက်သွားရန်။

(၃) လက်ရှိကျင့်သုံးလျက်ရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒုက္ခသည်များဆိုင်ရာဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေ စသည့် နိုင်ငံတကာဥပဒေများကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ အများပြည်သူလူထုအနေဖြင့် ပိုမိုသိရှိလိုက်နာနိုင်ရေး ဆောင်ရွက်သွားရန်။

(၄) ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆောင်ရွက်သွားမည့် အဖွဲ့အစည်းများအနေဖြင့် မငြိမ်သက်မှုများဖြစ်ပွားချိန်တွင် လျင်မြန်စွာတုံ့ပြန်အရေးယူဆောင်ရွက်စေရန်နှင့် ပြည်နယ်အစိုးရသည် လုပ်ငန်းကော်မတီကြီးကြပ်မှုဖြင့် အချိန်နှင့်တစ်ပြေးညီ တရားဥပဒေစိုးမိုးရေးကို တာဝန်ခံဆောင်ရွက်သွားရန်။

(၅) ရခိုင်ပြည်နယ်အတွင်း မငြိမ်သက်မှုများဖြစ်ပွားလာပါက ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်များကို ကြိုတင်သတ်မှတ်ညှိနှိုင်းဆောင်ရွက်ရန်။

(၆) လက်ရှိရခိုင်ပြည်နယ်အတွင်း လူမျိုးစုနှစ်စုဖြစ်သော ရခိုင်နှင့်ဘင်္ဂါလီများ ပဋိပက္ခများထပ်မံမဖြစ်ပွားစေရေး၊ ဆက်စပ်နေသည့်ဒေသများ၌ ပဋိပက္ခမဖြစ်ပွားစေရေးအတွက် ရေတို/ရေရှည်လုံခြုံရေးအစီအမံများ ရေးဆွဲတင်ပြရန်။

(၇) ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဓိကကျသည့် လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းများကို တာဝန်ယူစီမံခန့်ခွဲသွားရန်။

(၈) ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားပြီးခဲ့သောဒေသများ၊ ရခိုင်ပြည်နယ်တစ်ခုလုံး လုံခြုံရေး၊ မြို့နယ်အသီးသီးလုံခြုံရေး၊ ရခိုင်ပြည်နယ်နှင့်ဆက်စပ်နေသော နယ်စပ်တစ်လျှောက် လုံခြုံရေးတို့အား အစီအမံများ ရေးဆွဲတင်ပြစေရန်။

(၉) ရခိုင်ပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးကို ဘက်စုံထောင့်စုံလေ့လာပြီး ရခိုင်ပြည်နယ်အရေးကိစ္စဖြေရှင်းရေး၊ ဘက်စုံမဟာဗျူဟာစီမံချက် ရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်၊ ရခိုင်ပြည်နယ်၏လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်မည့် စီမံချက်အား တင်ပြသွားရန်။

(၁၀) စစ်ဘက်၊ နယ်ဘက်လုံခြုံရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများအား ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်မြေစိုးမိုးရေးလုပ်ငန်းတာဝန်များ အထောက်အကူဖြစ်စေရန်အတွက် သတင်းရယူမှုစနစ်များ ကြိုတင်စီမံထားရှိရန်နှင့် ရခိုင်ပြည်နယ်၏ နယ်မြေလုံခြုံရေးကို ထိခိုက်စေမည့် သတင်းမှန်သမျှကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများအား လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်။

**(ဂ) လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်<br>လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၈) | စည်ပင်သာယာရေးဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဥပဒေချုပ်<br>ပြည်နယ်ဥပဒေချုပ်ရုံး<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန

(၁၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

(၁၃) ပြည်နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရခိုင်ပြည်နယ်

(၁၄) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ရခိုင်ပြည်နယ်အတွင်း မြို့နယ်အလိုက် နေထိုင်သော လူဦးရေစာရင်းအား နောက်ဆုံးအခြေအနေအထိ ကောက်ယူပြုစုတင်ပြရန်။

(၂) ရခိုင်ပြည်နယ်အတွင်း နေထိုင်သော လူမျိုးစုများ၏ နိုင်ငံသားစိစစ်ရေးလက်မှတ် ရှိ/မရှိ စစ်ဆေးရန်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့် ကွင်းဆင်းစစ်ဆေးမှု နောက်ဆုံးအခြေအနေကို ဗဟိုကော်မတီသို့ (၁) လအတွင်း တင်ပြရန်။

(၃) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ တရားမဝင် ဝင်ရောက်လာသော တစ်ဖက်အဖွဲ့အစည်းမှ ဘင်္ဂါလီများ၏လူဦးရေစာရင်းအား ပြုစုတင်ပြရန်။

(၄) UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း၊ ရခိုင်ပြည်နယ် တစ်ဖက်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ တတိယအဖွဲ့အစည်း (Third party) တို့မှ ကိုယ်စားလှယ်များကို နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်စေရန်။

(၅) ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားသော မြို့နယ်အတွင်းရှိ IDPs ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသော ရခိုင်လူမျိုးနှင့် ဘင်္ဂါလီလူမျိုးများတွင် နိုင်ငံသားစိစစ်ရေးလက်မှတ်ရှိပြီးသူဦးရေ၊ ယာယီသက်သေခံလက်မှတ် (White Card) ကိုင်ဆောင်သူများစာရင်းနှင့် သက်သေခံလက်မှတ်အထောက်အထားမရှိသူများစာရင်းတို့အား နောက်ဆုံးအခြေအနေအထိ စာရင်းကောက်ယူပြီး လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်မည့်စီမံချက်၊ အကြံပြုချက်နှင့်တကွ ပြုစုတင်ပြရန်။

(၆) ရခိုင်ပြည်နယ်နှင့်ဆက်စပ်နေသော နယ်စပ်ဒေသတစ်လျှောက် နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်နှင့် တရားမဝင် ဝင်ရောက်လာသော တစ်ဖက်အဖွဲ့အစည်းများမှ ဘင်္ဂါလီများ၏လူဦးရေစာရင်းအား နောက်ဆုံးအခြေအနေအထိ ကောက်ယူပြုစုတင်ပြရန်။

(၇) ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဖြစ်မှုဥပဒေအား လေ့လာသုံးသပ်ပြီး ရခိုင်ဒေသအတွင်းရှိ ရောက်ရှိနေထိုင်လျက်ရှိသော ဘင်္ဂါလီများကို မည်သည့်အဆင့်များ ခွဲခြားသတ်မှတ်ဆောင်ရွက်ပေးသင့်ကြောင်း သုံးသပ်အကြံပြုတင်ပြသွားရန်။

(င) **ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | စည်ပင်သာယာရေးဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၁) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(စ) ဒေသတွင်းယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များ နေထိုင်ရေးပြဿနာများကို စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်။

(၂) ရခိုင်ပြည်နယ်အတွင်း လက်ရှိနှစ်ဖက်အဖွဲ့အစည်းများအတွက် စစ်တွေမြို့ အပါအဝင် ပဋိပက္ခဖြစ်ပွားခဲ့သည့် မြို့နယ်အလိုက် လက်ရှိနေရာချထားမှုအပေါ် ပြန်လည်သုံးသပ်၍ အသေးစိတ်ရေးဆွဲတင်ပြရန်။

(၃) ပြည်နယ်အတွင်းရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ရေတို/ရေရှည်စီမံချက်များ ရေးဆွဲတင်ပြသွားရန်။

(၄) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအမံ တင်ပြသွားရန်။

(ဆ) **လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ဆက်သွယ်ရေးနှင့်<br>သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၃) စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၅) ညွှန်ကြားရေးမှူးချုပ် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၆) ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၇) ညွှန်ကြားရေးမှူးချုပ် စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၈) ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၉) ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၂၀) ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၂၁) ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန — အဖွဲ့ဝင်

(၂၂) ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန — အဖွဲ့ဝင်

(၂၃) ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန — အဖွဲ့ဝင်

(၂၄) ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုလယ်ယာဦးစီးဌာန — အဖွဲ့ဝင်

(၂၅) ကုလသမဂ္ဂအဖွဲ့အစည်းများမှကိုယ်စားလှယ် — အဖွဲ့ဝင်

(၂၆) MDRI မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၂၇) ဒုတိယဝန်ကြီး စက်မှုဝန်ကြီးဌာန — အတွင်းရေးမှူး

(၂၈) ညွှန်ကြားရေးမှူးချုပ် စက်မှုညွှန်ကြားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ဇ) လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ပဋိပက္ခဖြစ်သော နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း သဟဇာတဖြစ်စေမည့် လူ့အဖွဲ့အစည်း ထူထောင်နိုင်စေရေးအတွက် တရားမျှတမှုရှိခြင်း၊ ဆက်ဆံရေးပြန်လည်သင့်မြတ်စေခြင်း၊ ပြဿနာများအား အသိအမှတ်ပြုခြင်း၊ တန်းတူအခွင့်အရေးပေးခြင်း၊ နားလည်မှုပေးခြင်း၊

လိုက်လျောခြင်း၊ သည်းခံနိုင်ခြင်းများနှင့် နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း ဆွေးနွေးညှိနှိုင်းခြင်းများအား စွမ်းအားမြှင့်လုပ်ဆောင်သွားရန်။

(၂) နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ရန်နှင့် စားနပ်ရိက္ခာဖူလုံစေရေး ဆောင်ရွက်ရန် (ဥပမာအားဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးခြင်း၊ အသေးစားစက်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း)။

(၃) တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးမှသည် စီးပွားဖြစ်စိုက်ပျိုးမွေးမြူနိုင်သည်အထိ အသိပညာ၊ နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးရန်။

(၄) လတ်တလောစိုက်ပျိုးမွေးမြူရေး၊ ငါးဖမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ဝင်ငွေရရှိသည့် နည်းလမ်း ရှာဖွေဆောင်ရွက်ပေးရန်။

(၅) ပဋိပက္ခဖြစ်ပွားမှုများကြောင့် ပညာသင်ကြားမှုရပ်တန့်နေသည့် ကျောင်းသားများအား စဉ်ဆက်ပညာရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရေး ဆောင်ရွက်ပေးရန်။

(၆) စဉ်ဆက်ပညာရေးလုပ်ငန်းများကို ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(၇) ပဋိပက္ခဖြစ်သည့်ဒေသအတွင်းရှိ မြို့နယ်အလိုက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရန်အတွက် ကျန်းမာရေးဌာနများ၊ ကျန်းမာရေးဌာနခွဲများ ဖွင့်လှစ်ခြင်း၊ သားဖွားဆရာမများ ခန့်ထားခြင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများ ဆောင်ရွက်ပေးရန်။

(၈) ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပေါ်ပေါက်စေရေး အားပေးကူညီဆောင်ရွက်စေရန်။

(၉) ယာယီကယ်ဆယ်ရေးစခန်းများ၌ ကူးစက်ရောဂါများနှင့် ကူးစက်ခြင်းကြောင့်မဟုတ်သော ရောဂါများ ကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(၁၀) ဒေသအခြေအနေအရဖြစ်နိုင်သည့် တယ်လီဖုန်းစနစ်ကို အသုံးပြုပြီး ဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးရန်။

(စ၂) **ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၅) ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၆) စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်စီးပွားရေးဦးစီးဌာန — အဖွဲ့ဝင်

(၈) ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူးချုပ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူးချုပ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၃) ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန — အတွင်းရေးမှူး

(၁၄) ညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ည) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(၂) အချိန်ကြာမြင့်လာသည်နှင့်အမျှ ခိုလှုံရေးစခန်းများတွင် စားနပ်ရိက္ခာအခက်အခဲရှိလာနိုင်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့ရေးအကူအညီများရရှိနိုင်ရေး စီမံညှိနှိုင်းဆောင်ရွက်သွားရန်။

(၃) ကာလကြာရှည်စွာဆင်းရဲနွမ်းပါးမှုသည် ပဋိပက္ခဖြစ်ပွားမှု၏ အဓိကအကြောင်းအရင်းတစ်ချက်ဖြစ်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုပါ တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်သွားရန်။

(၄) ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း

ဆောင်ရွက်မှုအား အချိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် ပုံမှန်ညှိနှိုင်းအစည်းအဝေး ခေါ်ယူကျင်းပ၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သုံးသပ်ချက်များအား ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ တင်ပြသွားရန်။

(၅) ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှ စတင်ရေးဆွဲဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Rakhine Response Plan) အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သော ရန်ပုံငွေများရရှိရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်။

( ၎ ) **ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၅) | ဥက္ကဋ္ဌ |
| (၂) | ဝန်ကြီးချုပ်<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

(၁၅) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

(၁၇) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

(၁၉) MDRI မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၂၀) ဦးကိုကိုလှိုင် — အဖွဲ့ဝင်
MDRI

(၂၁) ဒေါက်တာကျော်ရင်လှိုင် — အဖွဲ့ဝင်
အတွင်းရေးမှူး
ရခိုင်ပြည်နယ် ပဋိပက္ခစုံစမ်းစစ်ဆေးရေးကော်မရှင်

(၂၂) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(၂၃) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၅) ဘက်စုံမဟာဗျူဟာရေးဆွဲရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီမှ ရေးဆွဲတင်ပြလာမည့် ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေး၊ ရခိုင်ပြည်နယ်တစ်ခုလုံး၏လုံခြုံရေး၊ ပဋိပက္ခဖြစ်ပွားပြီးခဲ့သော မြို့နယ်အသီးသီး၏လုံခြုံရေး၊ ရခိုင်ပြည်နယ်၏နယ်စပ်တစ်လျှောက် လုံခြုံရေးအစီအမံများအပေါ် အခြေတည်၍ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းအတွက် ရေရှည်ဆောင်ရွက်မည့် မဟာဗျူဟာရေးဆွဲဆောင်ရွက်ရန်။

(၂) ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီမှ ရေးဆွဲတင်ပြလာမည့် ရေရှည်စီမံချက်များအပေါ် အခြေတည်၍ ပဋိပက္ခများ ထပ်မံမပေါ်ပေါက်စေရေး၊ အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ရေး ရေရှည်ဆောင်ရွက်မည့် မဟာဗျူဟာရေးဆွဲဆောင်ရွက်ရန်။

(၃) လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ရေးဆွဲတင်ပြလာမည့် အစီအမံများအပေါ် အခြေတည်၍ ရခိုင်နှင့်ဘင်္ဂါလီ ပြန်လည်ရင်ကြားစေ့ရေး၊ သဟဇာတဖြစ်မည့် လူမှုအသိုင်းအဝိုင်းဖြစ်လာစေရေးနှင့် နိုင်ငံသားစိစစ်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းသည့် နည်းလမ်းများ ဖော်ဆောင်မည့် မဟာဗျူဟာရေးဆွဲဆောင်ရွက်ရန်။

(၄) နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ ရေရှည်အစီအမံများအပေါ် အခြေတည်၍ ရခိုင်ပြည်နယ်၏ နှစ်ဖက်လူ့အဖွဲ့အစည်းများ ရေရှည်

အတူတကွယှဉ်တွဲနေထိုင်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေရှည် ဆောင်ရွက်မည့် မဟာဗျူဟာရေးဆွဲဆောင်ရွက်ရန်။

(၅) ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံအဆင့်ဆင့် ရေးဆွဲတင်ပြရန်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီ အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၃ နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၃) ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ အဖွဲ့ဝင်များကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း အစားထိုးတာဝန်ပေးအပ်လိုက်သည် -

၁။ ဦးစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **အစား** ဦးစိုင်းဝင်းခိုင်၊ သိန္နီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

၂။ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

**စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　　။ )**

၁၃၇၅ ခုနှစ်၊　　　　လ　　ရက်

( ၂၀၁၃ ခုနှစ်၊　　　လ　　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။　ဤဥပဒေကို စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။　ဤဥပဒေသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်မြို့နှင့်ဒေသများနှင့်သာ သက်ဆိုင်စေရမည်။

၃။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က)　**စုပေါင်းပိုင်အဆောက်အအုံ**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင် အထပ်မြင့်အိမ်ခန်းများဖြင့် စုပေါင်းပိုင်အဖြစ် ဆောက်လုပ်ထားသော အဆောက်အအုံကို ဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိသည့် စုပေါင်းပိုင်ပစ္စည်းများလည်း ပါဝင်သည်။

(ခ)　**စုပေါင်းပိုင်ပစ္စည်း**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့်ဆက်စပ်လျက်ရှိသော အောက်ပါပစ္စည်းများ ပါဝင်သည် -

(၁)　ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေ၊

(၂) ယင်းစုပေါင်းပိုင်မြေတွင် ဆောက်လုပ်ထားသော တစ်ဦးချင်းပိုင် အိမ်ခန်းများမှအပ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သည့် စုပေါင်းပိုင်အဆောက်အအုံ၏ အစိတ်အပိုင်းများ၊ တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၊

(၃) စုပေါင်းပိုင်သူများ၏အကျိုးအတွက် အသုံးပြုရန် ဆောက်လုပ်ထားသော သို့မဟုတ် စီမံထားရှိသော အဆောက်အအုံများ၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာအဆောက်အအုံများနှင့် ပစ္စည်းများ၊ ဝင်းခြံ၊ ဥယျာဉ်နှင့်သစ်ပင်ပန်းမန်များ၊ ရေပေးရေး၊ အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ၊ စွမ်းအင်ဖြန့်ဖြူးရေးဆိုင်ရာပစ္စည်းများ၊ လမ်းတံတားနှင့် ရေမြောင်းများ၊ ဆက်သွယ်ရေးပစ္စည်းများ။

(ဂ) **စုပေါင်းပိုင်မြေ**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်း တည်ရှိသော စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သည့် မြေနှင့်မြေကွက်လပ်တို့ကို ဆိုသည်။

(ဃ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူမဟုတ်သောသူကို ဆိုသည်။

(င) **တည်ထောင်သူ**ဆိုသည်မှာ ငွေကြေးရင်းနှီးမြှုပ်နှံပြီး စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော လုပ်ငန်းလိုင်စင်ရရှိသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အာမခံကုမ္ပဏီများ မပါဝင်။

(စ) **စုပေါင်းပိုင်သူ**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းကိုပိုင်ဆိုင်သည့် အိမ်ခန်းမှတ်ပုံတင်လက်မှတ်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူ၏ အမွေဆက်ခံသူလည်း ပါဝင်သည်။

(ဆ) **ပိုင်ဆိုင်မှုအစုတန်ဖိုး**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် လွှဲပြောင်းသည့်တန်ဖိုးအလို့ငှာလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏအတွက်လည်းကောင်း ဦးစီးဌာန၏ သဘောတူညီချက်ဖြင့် တည်ထောင်သူက သတ်မှတ်ထားသည့် အချိုးသင့်ပိုင်ဆိုင်မှုတန်ဖိုးကို ဆိုသည်။

(ဇ) **အိမ်ခန်း**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်ရန် သို့မဟုတ် လုပ်ငန်းသုံးရန် တစ်ဦးချင်းပိုင်အဖြစ် သီးခြားကာရံ၍ ဆောက်လုပ်ထားသောအိမ်ခန်းကို ဆိုသည်။

(ဈ) **အသင်း**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် အလို့ငှာ ဤဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော အသင်းမှတ်ပုံတင်လက်မှတ် ရရှိသည့် စုပေါင်းပိုင်အဆောက်အအုံအသင်းကို ဆိုသည်။

(ည) **အသင်းဝင်**ဆိုသည်မှာ အသင်းမှတ်ပုံတင်လက်မှတ်ရရှိသည့် စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဋ) **အလုပ်အမှုဆောင်ကော်မတီ**ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ဤဥပဒေအရ ရွေးချယ်တင်မြှောက်၍ ဖွဲ့စည်းထားသော စုပေါင်းပိုင်အဆောက်အအုံ၏ အလုပ်အမှုဆောင်ကော်မတီကို ဆိုသည်။

(ဌ) **ယာယီကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၉ အရ ဖွဲ့စည်းသော စုပေါင်းပိုင်အဆောက်အအုံ ယာယီကော်မတီကို ဆိုသည်။

(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည်။

(ဏ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(တ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ခန့်အပ်ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာမှတ်ပုံတင်အရာရှိကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ပြဒေသနှင့်ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အထောက်အကူပြုစေရန်၊

(ခ) မြို့ပြဒေသများတွင် တိုးပွားလာသော လူဦးရေနှင့်အညီ လူနေအိမ်ရာများ လုံလောက်မှုရှိစေရေးအတွက် စုပေါင်းပိုင်အဆောက်အအုံများ ပေါ်ထွန်းလာစေရန်၊

(ဂ) မြို့ပြဒေသဖွံ့ဖြိုးရေးနှင့်သာယာလှပရေးအတွက် အထောက်အကူဖြစ်စေရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဃ) စုပေါင်းပိုင်အဆောက်အအုံ၏အိမ်ခန်းများကို တရားဝင်ပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းခွင့်ရရှိစေရန်၊

(င) အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်။

## အခန်း (၃)
## မှတ်ပုံတင်ခြင်းနှင့်စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်း

၅။ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံများသာလျှင် ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၆။ တည်ထောင်သူသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင်အဆောက်အအုံကို ဆောက်လုပ်ရမည်။

၇။ စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ရန်အလို့ငှာ စုပေါင်းပိုင်မြေအဖြစ် မှတ်ပုံတင်လိုသည့်မြေသည် -

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူနေအိမ်ရာအဖြစ် ဆောက်လုပ်ခွင့်ရှိရမည့်အပြင် ပိုင်ဆိုင်ခွင့်လွှဲပြောင်းနိုင်သော မြေအမျိုးအစားဖြစ်ရမည်။

(ခ) လက်ရှိပိုင်ဆိုင်သူက စုပေါင်းပိုင်မြေအဖြစ် ပိုင်ဆိုင်ခွင့်လွှဲပြောင်းပေးပြီးဖြစ်ရမည်။

(ဂ) မြို့ပြစီမံကိန်းအရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသည့်အချက်များနှင့်အညီဖြစ်ရမည်။

(ဃ) မြေဧရိယာတစ်ဧကနှင့်အထက် ရှိရမည်။ မြေဧရိယာတစ်ဧကအောက်ဖြစ်ပါက ဝန်ကြီးဌာန၏သီးခြားခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

၈။ ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံတစ်ခုဖြစ်ရန် အနည်းဆုံး လိုအပ်သော အထပ်အရေအတွက်၊ အိမ်ခန်းအရေအတွက်နှင့် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိရမည့် စုပေါင်းပိုင်ပစ္စည်းများကို သတ်မှတ်ထားရမည်။

၉။ ဤဥပဒေ အာဏာမတည်မီက ဆောက်လုပ်ပြီးစီးသော အဆောက်အအုံ သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော အဆောက်အအုံကို စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်လိုပါက ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရမည်။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိပါက ဝန်ကြီးဌာန၏ သီးခြားခွင့်ပြုချက်ရရှိမှသာ စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်ခွင့်ရှိသည်။

၁၀။ (က) စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အနည်းဆုံးမတည်ငွေရင်းရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လုပ်ငန်းလိုင်စင်လျှောက်ထားချက်ကို စိစစ်၍ လက်ခံပါက လုပ်ငန်းလိုင်စင်ကြေးပေးဆောင်စေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

(ဂ) တည်ထောင်သူသည် လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံကို တည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံတစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ၊ စုပေါင်းပိုင်မြေနှင့် အဆောက်အအုံတွင်ပါရှိမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် ပိုင်ဆိုင်မှုအစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် ဦးစီးဌာန၏ တင်ပြချက်ကို စိစစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ ခွင့်ပြုချက်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၃။ (က) ဝန်ကြီးဌာနသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာစာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာစုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးရမည်။

(ခ) တည်ထောင်သူသည် စုပေါင်းပိုင်မြေအဖြစ် တည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်မြေအဖြစ် တည်ထောင်သည့် စာချုပ်စာတမ်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရမည်။

၁၄။ စုပေါင်းပိုင်မြေအဖြစ် မှတ်ပုံတင်ပြီးသောမြေကွက်သည် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏အမည်နှင့်မျှ ပိုင်ဆိုင်ခွင့်မရှိစေရဘဲ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သော စုပေါင်းပိုင်မြေအဖြစ်သာလျှင် တည်ရှိစေရမည်။

၁၅။ တည်ထောင်သူသည် -

(က) ပုဒ်မ ၁၂ အရ ထုတ်ပေးသော ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ ဆဋ္ဌမထပ်နှင့်အထက်ရှိ ၄၀ ရာခိုင်နှုန်းထက်မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား လွှဲပြောင်းပိုင်ခွင့်ရှိသည်။

၁၆။ မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကိုလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းအလိုက် အိမ်ခန်းမှတ်ပုံတင်လက်မှတ်များကို တည်ထောင်သူအား ထုတ်ပေးပြီး အိမ်ခန်းမှတ်ပုံတင်လက်မှတ်မိတ္တူကို ထိန်းသိမ်းထားရမည်။

၁၇။ မှတ်ပုံတင်ထားသောအိမ်ခန်းကို အောက်တွင်ဖော်ပြထားသည့် လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့်အခါ လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံရရှိသူတို့သည် လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်ချက်များနှင့် အညီ မှတ်ပုံတင်ရမည် -

(က) ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် လဲလှယ်ခြင်း၊

(ခ) ရောင်းချခြင်း၊

(ဂ) နောက်ဆုံးအတည်ဖြစ်သည့် တရားရုံး၏အမိန့် သို့မဟုတ် ဒီကရီအရ ပိုင်ဆိုင်ခွင့်လွှဲပြောင်းခြင်းနှင့် လွှဲအပ်ခြင်း။

၁၈။ (က) တည်ထောင်သူသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

(ခ) ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းအား လွှဲပြောင်းလက်ခံရရှိသူသည် လွှဲပြောင်းသည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

၁၉။ ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်သည့်အခါ -

(က) လွှဲပြောင်းလက်ခံရရှိသော စုပေါင်းပိုင်သူသည် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများကို သီးခြားမှတ်ပုံတင်စာအုပ်ဖွင့်လှစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၀။ စုပေါင်းပိုင်သူသည် မိမိပိုင်အိမ်ခန်းအား ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းပြီးနောက် လွှဲပြောင်းသည့်စာချုပ်စာတမ်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်ပြီးမှ မှတ်ပုံတင်လျှင် မှတ်ပုံတင်ခအပြင် ဝန်ကြီးဌာနက သတ်မှတ်သောဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

## အခန်း (၄)
## ယာယီကြီးကြပ်မှုအဖွဲ့နှင့် စုပေါင်းပိုင်အဆောက်အအုံအသင်း ဖွဲ့စည်းခြင်း

၂၁။ စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ နေထိုင်ခွင့်ရရှိပြီးနောက် -

(က) အိမ်ခန်းများ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း ရောင်းချ၍မပြည့်သဖြင့် အသင်းဖွဲ့စည်းခြင်းမပြုနိုင်မီ ယင်းအဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ဦးစီးဌာနသည် ဦးစီးဌာနမှ ဝန်ထမ်းများဖြင့်ဖြစ်စေ၊ စုပေါင်းပိုင်သူများဖြင့်ဖြစ်စေ၊ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် စုပေါင်းပိုင်သူများဖြင့်ဖြစ်စေ သင့်လျော်သည့် အဖွဲ့ဝင် အနည်းဆုံးသုံးဦးပါဝင်သော ယာယီကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

(ခ) အိမ်ခန်းများ၏ ၅၀ ရာခိုင်နှုန်းနှင့်အထက် ရောင်းချပြီးဖြစ်ပါက ယင်းအဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ စုပေါင်းပိုင်သူများအားလုံး အသင်းဝင်အဖြစ်ပါဝင်သည့် စုပေါင်းပိုင်အဆောက်အအုံအသင်းဖွဲ့စည်းရေးကို ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ယာယီကြီးကြပ်မှုအဖွဲ့က ဆောင်ရွက်ရမည်။

၂၂။ ယာယီကြီးကြပ်မှုအဖွဲ့သည် ဦးစီးဌာနက ရေးဆွဲထားသည့် စံပြုအသင်း ဖွဲ့စည်းပုံစည်းမျဉ်းကို အခြေခံ၍ အသင်းဖွဲ့စည်းပုံစည်းမျဉ်း ရေးဆွဲပြီး စုပေါင်းပိုင်သူထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ယင်းဖွဲ့စည်းပုံစည်းမျဉ်းကို အတည်ပြုလျက် အသင်းဝင်များဖြင့် စုပေါင်းပိုင်အဆောက်အအုံအသင်းကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် စုပေါင်းပိုင်အဆောက်အအုံတစ်ခုအတွက်ဖြစ်စေ၊ စုပေါင်းပိုင်မြေတစ်ခုအတွင်း ဆောက်လုပ်ထားသော စုပေါင်းပိုင်အဆောက်အအုံများအတွက်ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

၂၃။ (က) ယာယီကြီးကြပ်မှုအဖွဲ့သည် အသင်းကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) ဦးစီးဌာနသည် မှတ်ပုံတင်ပြီးသောအသင်းကို အသင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၄။ အသင်းသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၂၅။ ယာယီကြီးကြပ်မှုအဖွဲ့သည် စုပေါင်းပိုင်အဆောက်အအုံအတွက် အလုပ်အမှုဆောင်ကော်မတီ သို့မဟုတ် ယာယီကော်မတီ ဖွဲ့စည်းပြီးသည်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

## အခန်း (၅)
## စုပေါင်းပိုင်အဆောက်အအုံအလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၆။ (က) ယာယီကြီးကြပ်မှုအဖွဲ့သည် အသင်း၏ သင်းလုံးကျွတ်အထူးအစည်းအဝေးကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ခေါ်ယူကျင်းပ၍ စုပေါင်းပိုင်အဆောက်အအုံ အလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

(ခ) ပထမအကြိမ် စုပေါင်းပိုင်အဆောက်အအုံ အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းပြီးနောက် အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ နှစ်စဉ်ကျင်းပ၍ အလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ဖွဲ့စည်းသည့် အလုပ်အမှုဆောင်ကော်မတီတွင် အသင်းဝင်များအနက်မှ အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦးအထိ ပါဝင်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင်ကော်မတီဝင်များသည် မိမိတို့အနက်မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(င) အသင်းဝင်များအနက်မှ စာရင်းကျွမ်းကျင်သူတစ်ဦးကို စာရင်းစစ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။ လိုအပ်လျှင် ပြင်ပစာရင်းစစ်ကိုလည်း ခန့်အပ်တာဝန်ပေးနိုင်သည်။

၂၇။ (က) လုပ်ငန်းတာဝန် ကျေပွန်ခြင်းမရှိသော သို့မဟုတ် လုပ်ငန်းတာဝန်ကို မှန်ကန်စွာဆောင်ရွက်ခြင်းမရှိသော အလုပ်အမှုဆောင်ကော်မတီဝင်အား အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ်မှ ရပ်စဲနိုင်ရန် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင် အသင်းဝင်ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဦးသည် အကြောင်းတစ်ခုခုကြောင့် အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက အလုပ်အမှုဆောင်ကော်မတီသို့ တင်ပြ၍ နုတ်ထွက်နိုင်သည်။

(ဂ) လစ်လပ်သွားသော အလုပ်အမှုဆောင်ကော်မတီဝင်၏နေရာကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ပြီး အစားထိုးတာဝန်ပေးအပ်ရမည်။

၂၈။ အလုပ်အမှုဆောင်ကော်မတီသည် -

(က) စုပေါင်းပိုင်အဆောက်အအုံနှင့်စပ်လျဉ်း၍ အသင်းဝင်များနှင့် စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ရမည်။

(ခ) ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် အချိုးကျ အသင်းဝင်က ထည့်ဝင်ရမည့်ရန်ပုံငွေပမာဏကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ အိမ်ခန်းတစ်ခုချင်းအလိုက် သတ်မှတ်ရမည်။

(ဂ) သတ်မှတ်ထားသော ပိုင်ဆိုင်မှုအစုတန်ဖိုးကို တိုးမြှင့်လိုသည့်အခါတွင်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံကို အသစ်တိုးချဲ့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း ပြုလုပ်လိုသည့်အခါတွင်လည်းကောင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင်ဖြစ်စေ၊ လိုအပ်ပါက သင်းလုံးကျွတ်အထူးအစည်းအဝေး ခေါ်ယူကျင်းပ၍ဖြစ်စေ အသင်းဝင်အားလုံး၏ အနည်းဆုံး လေးပုံသုံးပုံ၏ဆန္ဒမဲဖြင့် ဆောင်ရွက်နိုင်သည်။

(ဃ) ရန်ပုံငွေသုံးစွဲမှုနှင့်စပ်လျဉ်း၍ စာရင်းဇယားများ ပြုစုထားရှိပြီး စာရင်းစစ်၏စစ်ဆေးမှုကို ခံယူရမည်။ ရန်ပုံငွေအရအသုံးရှင်းတမ်းကို အသင်းဝင်တစ်ဦးချင်းထံသို့ ပေးပို့ရမည်။

(င) စုပေါင်းပိုင်အဆောက်အအုံအား မီးအာမခံနှင့် အခြားလိုအပ်သည့် အာမခံများ ထားရှိနိုင်သည်။

(စ) သတ်မှတ်ထားသည့်ကာလအတွင်း ရန်ပုံငွေပေးသွင်းရန် ပျက်ကွက်သော အသင်းဝင်အား အသင်းသို့ ပေးသွင်းရမည့် ရန်ပုံငွေအပြင် ယင်းရန်ပုံငွေ၏တစ်ဆကို ဒဏ်ကြေးအဖြစ် ပေးသွင်းရန် အမိန့်ချမှတ်ရမည်။

(ဆ) အသင်းဝင်များ ထည့်ဝင်သောရန်ပုံငွေကို ဘဏ်စာရင်းဖွင့်လှစ်၍ ထိန်းသိမ်းပြီး စနစ်တကျ ထုတ်ယူသုံးစွဲရမည်။

(ဇ) ရန်ပုံငွေရရှိရေး၊ တိုးပွားရေး၊ သုံးစွဲရေးတို့နှင့်စပ်လျဉ်း၍ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြပြီး အဆုံးအဖြတ်ခံယူဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်များ အပါအဝင်

အသင်း၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးအစီရင်ခံစာတို့ကို အနီးကပ်ဆုံးကျင်းပသော နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက်ရယူရမည်။

(ဈ) အသင်းဝင်များ၏အကျိုးအတွက် သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံကို ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ည) စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည့် ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

(ဋ) စုပေါင်းပိုင်အဆောက်အအုံရှိ ရေပေးရေးစနစ်၊ မိလ္လာနှင့်ရေထုတ်စနစ်၊ အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ရေးစနစ်၊ စွမ်းအင်ဖြန့်ဖြူးရေးစနစ်၊ လမ်း၊ တံတားနှင့် ရေမြောင်းများ၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးစနစ်များ ကောင်းမွန်ခြင်း ရှိ မရှိ စစ်ဆေးပြီး ယင်းစနစ်များကို လိုအပ်သလို ပြုပြင်ခြင်းနှင့် ပြောင်းလဲခြင်းပြုနိုင်သည်။

(ဌ) အိမ်ခန်းများအား ပြုပြင်မွမ်းမံရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းထံမှ ခွင့်ပြုချက်ရယူနိုင်ရန် အသင်းဝင်၏တင်ပြချက်အပေါ် စိစစ်၍ ထောက်ခံချက်ထုတ်ပေးနိုင်သည်။

(ဍ) အလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန်အစည်းအဝေးများနှင့် အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။ လိုအပ်ပါက အလုပ်အမှုဆောင်ကော်မတီ၏ အထူးအစည်းအဝေးနှင့် သင်းလုံးကျွတ်အထူးအစည်းအဝေးများကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ခေါ်ယူကျင်းပနိုင်သည်။

(ဎ) စုပေါင်းပိုင်မြေ၊ စုပေါင်းပိုင်အဆောက်အအုံနှင့် အိမ်ခန်းများ၏ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် အိမ်ခန်းများ၏ လွှဲပြောင်းမှုမှတ်တမ်းများကိုလည်း ပြုစုထားရှိရမည်။

(ဏ) အိမ်ခန်းများကို ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး ထောက်ခံချက်ထုတ်ပေးနိုင်သည်။

(တ) ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းမှုများကို မှန်ကန်စွာဆောင်ရွက်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံ မှတ်ပုံတင်လက်မှတ်ကိုလည်းကောင်း၊ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ကိုလည်းကောင်း လိုအပ်ပါက မှတ်ပုံတင်အရာရှိထံတွင်ရှိသော မှတ်ပုံတင်စာအုပ်စာတမ်းများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်သည်။

(ထ) အိမ်ခန်းများတွင် နေထိုင်သူအချင်းအချင်း စုပေါင်းပိုင်အဆောက်အအုံနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းပေးနိုင်သည်။

၂၉။ အသင်း၏ အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင် အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဦးစီးဌာနသည် အသင်းဝင်များအနက်မှ သင့်လျော်သည့် ပုဂ္ဂိုလ် အနည်းဆုံးသုံးဦး ပါဝင်သော စုပေါင်းပိုင်အဆောက်အအုံယာယီကော်မတီကို ကာလသတ်မှတ်၍ ဖွဲ့စည်းပေးရမည်။

၃၀။ (က) အသင်းဝင်အားလုံး၏ လေးပုံတစ်ပုံက အသင်းဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လိုလျှင် အလုပ်အမှုဆောင်ကော်မတီသို့ တင်ပြရမည်။

(ခ) အလုပ်အမှုဆောင်ကော်မတီသည် အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ချက်ကို ဦးစီးဌာန၏ အတည်ပြုချက်ရယူပြီး အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင် အသင်းဝင်အားလုံး၏ အနည်းဆုံးလေးပုံသုံးပုံ၏

ဆန္ဒမဲဖြင့် အသင်းဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းနှင့် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အလုပ်အမှုဆောင်ကော်မတီသည် အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ချက်ကို ဦးစီးဌာနသို့ တင်ပြရမည်။

## အခန်း (၆)
## အသင်းဝင်၏အခွင့်အရေးနှင့်တာဝန်များ

၃၁။ အသင်းဝင်သည် -

(က) ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခွင့်ရှိသည်။ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းလက်ခံရရှိသူအမည်သို့ ပြောင်းလဲခွင့်ရှိသည်။

(ခ) ဤဥပဒေနှင့်အညီ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းအား မှတ်ပုံတင်ပြီးသည့်အခါ အိမ်ခန်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည်။

(ဂ) အိမ်ခန်းကို နိုင်ငံသားအား ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ စွန့်လွှတ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များ ရှိသည်။

(ဃ) (၁) အိမ်ခန်းကို နိုင်ငံခြားသားအား ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များ ရှိသည်။

(၂) စုပေါင်းပိုင်အဆောက်အအုံ၏ ဆင့်မထပ်နှင့် အထက်ရှိ ၄၀ ရာခိုင်နှုန်းထက်မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်နှင့် စွန့်လွှတ်ခွင့်များ ရှိသည်။

(င) အလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ရယူ၍ မိမိပိုင်အိမ်ခန်း၏ အတွင်းပိုင်းကို စုပေါင်းပိုင် အဆောက်အအုံ၏ မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေဘဲ မိမိ၏စရိတ်ဖြင့် ပြုပြင်မွမ်းမံခွင့်နှင့် အသေးစားပြင်ဆင်ခွင့်များ ရှိသည်။

(စ) အသင်း၏ရန်ပုံငွေကို စုပေါင်းပိုင်သူအားလုံးနှင့်အတူ သက်ဆိုင်ခွင့်ရှိသည်။

(ဆ) စုပေါင်းပိုင်မြေကို အလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လူမှုရေးကိစ္စအတွက် ယာယီ အသုံးပြုခွင့်ရှိသည်။

(ဇ) အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သင်းလုံးကျွတ်အထူးအစည်းအဝေးများသို့ တက်ရောက်ခွင့်၊ အကြံပေးခွင့်၊ အဆုံးအဖြတ်တစ်ခုခုအတွက် မဲပေးခွင့်၊ အလုပ်အမှုဆောင် ကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်များ ရှိသည်။

၃၂။ အသင်းဝင်သည် -

(က) စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိပိုင်ဆိုင်မှု အစုတန်ဖိုးအလိုက် အချိုးကျသတ်မှတ်ထားသော ရန်ပုံငွေကို ထည့်ဝင်ရမည်။ မိမိပိုင်ဆိုင်သည့် အိမ်ခန်းကို အငှားချထားခြင်းဖြစ်လျှင် အငှားချထားခြင်းခံရသူနှင့် သီးခြားသဘောတူညီချက် မရှိပါက မိမိကသာလျှင် ရန်ပုံငွေကို ထည့်ဝင်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံသန့်ရှင်းရေးနှင့် လုံခြုံရေးစနစ်ကောင်းမွန်စေရေး အတွက်လည်းကောင်း စုပေါင်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) မိမိပိုင်အိမ်ခန်းကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်းနှင့် တစ်ဦးဦးအား ခွင့်ပြုချက်ဖြင့် ထားခြင်းပြုပါက အလုပ်အမှုဆောင်ကော်မတီသို့ အသိပေးရမည်။

(ဃ) အိမ်ခန်းကို ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်ချက်များနှင့် အညီ အလုပ်အမှုဆောင်ကော်မတီသို့ ကြိုတင်အသိပေးရမည်။

(င) မိမိကြောင့်ဖြစ်စေ၊ အငှားချထားခြင်းခံရသူကြောင့်ဖြစ်စေ၊ အိမ်ခန်းကို အပေါင်ခံ၍ လက်ရောက် ရယူထားသူကြောင့်ဖြစ်စေ၊ မိမိ၏ခွင့်ပြုချက်ဖြင့် နေထိုင်သူကြောင့်ဖြစ်စေ စုပေါင်းပိုင်အဆောက် အအုံ သို့မဟုတ် စုပေါင်းပိုင်ပစ္စည်း ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာဖြစ်ပေါ်ပါက ထိုသူများနှင့် သီးခြားသဘောတူညီချက်မရှိလျှင် မိမိ၌သာ တာဝန်ရှိသည်။

(စ) မိမိ၏အိမ်ခန်းအတွင်းပိုင်းကို အလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြုပြင်မွမ်းမံခြင်း၊ အသေးစားပြင်ဆင်ခြင်းပြုရာတွင် အဆောက်အအုံ၏မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေရ။

(ဆ) အိမ်ခန်းကို နေထိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းအပြင် အလုပ်အမှုဆောင် ကော်မတီ၏ သီးခြားခွင့်ပြုချက်ဖြင့် အခြားနည်းသုံးစွဲနိုင်သည်။

## အခန်း (၇)
## ဦးစီးဌာန၏လုပ်ငန်းတာဝန်များ

၃၃။ (က) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်သူများ လိုက်နာရန် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ခ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(၁) လူဦးရေထူထပ်သည့် မြို့ပြဒေသများတွင် လူနေအိမ်ရာများ လုံလောက်မှုရှိစေရေးအတွက် လည်းကောင်း၊ ခေတ်မီအထပ်မြင့်အဆောက်အအုံများ တိုးပွားလာစေရေးအတွက် လည်းကောင်း စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်စည်းရုံး ခြင်းနှင့် ပညာပေးလှုံ့ဆော်ခြင်း၊

(၂) စုပေါင်းပိုင်အဆောက်အအုံများ တည်ထောင်လုပ်ကိုင်ရာတွင် ခေတ်မီတိုးတက်ရေးအတွက် တည်ထောင်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအား လိုအပ်သော အကူအညီပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊

(၃) တည်ထောင်ဆောက်လုပ်ပြီးဖြစ်သော စုပေါင်းပိုင်အဆောက်အအုံများ ရေရှည်တည်တံ့ ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးတို့အတွက် အစီအစဉ်များ ချမှတ်၍ အလုပ်အမှုဆောင်ကော်မတီများအား လိုအပ်သော ပံ့ပိုးကူညီမှုများပေးခြင်း၊

(၄) စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် တည်ထောင်သူက တင်ပြသော ပိုင်ဆိုင်မှုအစုတန်ဖိုးကို စိစစ်၍ သဘောတူညီချက်ပေးခြင်း၊

(၅) စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနပြုခြင်း၊ ပြည်တွင်းပြည်ပ နည်းပညာများ လေ့လာဆည်းပူးခြင်းနှင့် နည်းပညာများ ပြန့်ပွားစေရန် ဆောင်ရွက်ခြင်း၊

(၆) အသင်း၏ရန်ပုံငွေစာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း။

## အခန်း (၈)

## စုပေါင်းပိုင်အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲခြင်း

၃၄။ စုပေါင်းပိုင်အဆောက်အအုံတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်လိုလျှင်ဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲလိုလျှင်ဖြစ်စေ အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင် အသင်းဝင် ၇၅ ရာခိုင်နှုန်း၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၅။ (က) အလုပ်အမှုဆောင်ကော်မတီသည် ပုဒ်မ ၃၄ အရ ချမှတ်သော သဘောတူဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ မိမိ၏သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် ဦးစီးဌာန၏ တင်ပြချက်ကို စိစစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိပါက သက်ဆိုင်သူများ သိရှိနိုင်ရန် သတင်းစာတွင် ကြေညာရမည်။

၃၆။ (က) အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးဌာနက အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းအတည်ပြုချက်မိတ္တူနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ် အထူးအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်မိတ္တူတို့ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာမှတ်ပုံတင်စာအုပ်တွင် လိုအပ်သော ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ရမည်။

၃၇။ (က) အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့်အညီ စုပေါင်းပိုင် အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရာတွင်လည်းကောင်း၊ စုပေါင်းပိုင်အဆောက် အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဖြိုဖျက်ပြီး မူလပုံစံအတိုင်း အသစ် ပြန်လည်ဆောက်လုပ်ရာတွင်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲရာတွင် လည်းကောင်း ယင်းစုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံမှ ဖယ်ရှားပေးရန် ပျက်ကွက်သူများ၏စာရင်းကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ **လုံခြုံရေးအတွက်** လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူဖယ်ရှားနိုင်သည်။

၃၈။ (က) အလုပ်အမှုဆောင်ကော်မတီသည် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲနိုင်ရေးအတွက် ဝန်ကြီးဌာန၏အတည်ပြုချက်ရရှိပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်တာဝန် ပေးရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး လိုအပ်ပါက ဒီပလိုမာလက်မှတ်ရ စာရင်းကိုင်အဆင့်အောက်မနိမ့်သော စာရင်းကျွမ်းကျင်သူတစ်ဦးဦးကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဂ) ဦးစီးဌာနက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်တာဝန်ပေးပြီးနောက် အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များသည် ရပ်စဲစေရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲခြင်းနှင့် စပ်လျဉ်း၍ အသင်းဝင်အသီးသီး၏ ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် ရပိုင်ခွင့်ရှိသည့် ငွေကြေးများ ပြန်လည်ထုတ်ပေးခြင်းကိစ္စ၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကိစ္စတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တရားရုံး၏ခွင့်ပြုမိန့် ရယူရန်မလိုဘဲ ကျင့်သုံးနိုင်သည်။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ အသင်းဝင်နှင့် စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်သူ မည်သူမဆို စုပေါင်းပိုင်အဆောက်အအုံနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၄၀။ မည်သူမဆို ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၇ အရ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထိုသူကို ကျူးလွန်သည့်နေ့အသီးသီးအတွက် ထိုပြစ်မှုတွင် ပြဋ္ဌာန်းထားသော အများဆုံးချမှတ်နိုင်သည့် ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်း ချမှတ်ရမည်။

## အခန်း (၁၀)
## အထွေထွေ

၄၃။ စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်း၌ ပိုင်ဆိုင်ခွင့်၊ လက်ဝယ်ထားခွင့်မရှိသူတစ်ဦးဦးအား ဖယ်ရှားနှင်ထုတ်ပေးရန် တရားစွဲဆိုမှုတွင် ကာလစည်းကမ်းသတ်အက်ဥပဒေ၌ သတ်မှတ်ထားသည့် ကာလအတွင်း တရားစွဲဆိုခြင်းမရှိစေကာမူ တရားစွဲဆိုခြင်းခံရသူသည် ကာလစည်းကမ်းသတ်အက်ဥပဒေအရ ကာလစည်းကမ်းသတ်ကျော်လွန်သည်ကို အကြောင်းပြု၍ ဆန့်ကျင်ဘက် လက်ရှိပိုင်ဆိုင်ခွင့်မရှိစေရ။

၄၄။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၀ အရ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်သူထံမှ ယင်းဒဏ်ကြေးကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံပြီး ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (စ) အရ ရန်ပုံငွေပေးသွင်းရန် ပျက်ကွက်သူထံမှ အသင်းက ရရန်ရှိသော ရန်ပုံငွေနှင့် ဒဏ်ကြေးတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံပြီး အသင်းသို့ ပေးသွင်းရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် )

**မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)**

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်　　။ )**

၁၃၇၅ ခုနှစ်၊　　　　လ　　ရက်

( ၂၀၁၃ ခုနှစ်၊　　　လ　　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၂ ၌ -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော “ကလိုင်” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) **ဓာတ်သတ္တု**ဆိုသည်မှာ မြေထုမှ တူးဖော်၍လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ရရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်။”

(ဂ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (င) တွင် ပါရှိသော "ဇင့်ကာဘွန်နိတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မခွဲ (စ) တွင် ပါရှိသော "အဆင့်မီသော ကျောက်ဟူ၍ သတ်မှတ်သည့်ပစ္စည်းများလည်း ပါဝင်သည်။ သို့ရာတွင်" ဆိုသည့် စကားရပ်ကို "နှင့် ဆင့်တက်ပြုပြင်ခြင်းဖြင့် လူသုံးကုန်ပစ္စည်း တစ်မျိုးမျိုးကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် အဆင့်မီသောကျောက်များလည်း ပါဝင်သည်။ သို့ရာတွင် ကျောက်မျက်ရတနာဟူ၍ သတ်မှတ်ရန် ဂုဏ်သတ္တိရှိသောကျောက်များနှင့်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ (ဆ) တွင် ပါရှိသော "ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း" ဆိုသည့် စကားရပ်ကို "ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ (ဇ) တွင် ပါရှိသော "ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တုတည်စွဲသည့် အရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်" ဆိုသည့် စကားရပ်ကို "ယင်းစကားရပ်တွင် မြေပေါ်၊ မြေအောက်၊ မြေထု၊ သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့၏ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေ၌ ဓာတ်သတ္တုပါဝင်မှုအရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မခွဲ (ဈ) တွင် "ဓာတ်သတ္တုသိုက်တစ်ခု၏" ဆိုသည့် စကားရပ်၏နောက်တွင် "အမျိုးအစား" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဈ) ပုဒ်မခွဲ (ဈ) ၏နောက်တွင် ပုဒ်မခွဲ (ဈ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ-၁) **ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း**ဆိုသည်မှာ စမ်းသပ်တိုင်းတာပြီးသော ဓာတ်သတ္တုသိုက် တစ်ခုခုအား စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်း ရှိ မရှိ ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မည့် နည်းစဉ်၊ ဆင့်တက် ပြုပြင်ထုတ်လုပ်မည့် နည်းစဉ်၊ စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးတွက်ချက်မှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများလည်း ပါဝင်သည်။"

(ည) ပုဒ်မခွဲ (ည) တွင် "ယင်းစကားရပ်တွင်" ဆိုသည့် စကားရပ်၏နောက်၌ "သတ္တုတွင်းထူထောင်မှု လုပ်ငန်းဆောင်ရွက်ခြင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဋ) ပုဒ်မခွဲ (ည) ၏နောက်တွင် ပုဒ်မခွဲ (ည-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည-၁) **ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း**ဆိုသည်မှာ ထုတ်လုပ်သည့် ဓာတ်သတ္တုကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကို ဆိုသည်။"

(ဌ) ပုဒ်မခွဲ (ဋ) နှင့် (ဌ) တို့ကို ပုဒ်မခွဲ (ဋ)၊ (ဋ-၁) နှင့် (ဌ) တို့အဖြစ် အောက်ပါအတိုင်း အစားထိုး ရမည် -

"(ဋ) **အကြီးစားထုတ်လုပ်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏ ကြီးမား၍ စီးပွားဖြစ် ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိမှုနှင့် ၁၅ နှစ်နှင့်အထက် ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်အများအပြား လိုအပ်သည့် သို့မဟုတ် အထူးနည်းပညာရပ်နှင့်နည်းစနစ်များ အသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်သတ္တု ထုတ်လုပ်ခြင်းကို ဆိုသည်။

(ဋ-၁) **အလတ်စားထုတ်လုပ်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏ အသင့်အတင့် ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိမှုနှင့် ၁၀ နှစ်ထက်မပိုသော

ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ် အသင့်အတင့်လိုအပ်သည့် သို့မဟုတ် ကန့်သတ်နည်းပညာရပ်နှင့် နည်းစနစ်များ အသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဠ) **အသေးစားထုတ်လုပ်ခြင်း**ဆိုသည်မှာ သတ္တုဖြစ်ထွန်းမှုပမာဏနည်းပါး၍ ၅ နှစ်ထက်မပိုသော ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။"

(ង) ပုဒ်မခွဲ (ပ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ပ) **ဓာတ်သတ္တုဆင့်တက်ပြုပြင်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများအား သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များ ဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ချွတ်ခြင်း၊ ကျိုချက်ခြင်း၊ လျှပ်ကူးခြင်းနှင့် ပုံသွင်းခြင်းလုပ်ငန်းစဉ်များ ပါဝင်သည်"

(ပ) ပုဒ်မခွဲ (တ) နှင့် (ထ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(တ) **ဦးစီးဌာန**ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။"

၃။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၄ ၌ ပါရှိသော ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ကို ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(က) သတ္တုကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းကို အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားထုတ်လုပ်ခြင်း၊

(ဂ) ကျောက်ကို အကြီးစားထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားထုတ်လုပ်ခြင်း။"

၄။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၅ ၌ -

"(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "အသေးစားထုတ်လုပ်ခြင်း၊" ဆိုသည့် စကားရပ်၏နောက်တွင် "ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "အသေးစားထုတ်လုပ်ခြင်း" ဆိုသည့် စကားရပ်၏နောက်တွင် "၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၅။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၆ ၌ ပါရှိသော "ကျောက်မျက်ရတနာ၊" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး "သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိထံသို့" ဆိုသည့် စကားရပ်ကို "ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်းသို့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၇ ၌ ပါရှိသော ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို ပုဒ်မခွဲ (က) နှင့် (ခ) တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း။"

၇။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၈ ၌ ပါရှိသော ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ကို အကြီးစား ထုတ်လုပ်ခြင်း သို့မဟုတ် အလတ်စားထုတ်လုပ်ခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားနှင့် အသေးစား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းသုံးရပ်ကို တစ်ပေါင်းတည်းလုပ်ကိုင်ခြင်း။"

၈။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၉ ၌ ပါရှိသော "ပြည်တွင်းရင်းနှီးမြှုပ်နှံမှု" ဆိုသည့် စကားရပ်ကို "နိုင်ငံသားရင်းနှီးမြှုပ်နှံမှု" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း" ဆိုသည့် စကားရပ်ကို "အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၁၀ ၌ ပါရှိသော "သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိ" ဆိုသည့် စကားရပ်ကို "ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီး "ကျောက်မျက်ရတနာ၊" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ လက်လုပ်လက်စား ထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ဝန်ကြီးဌာနသည် ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ)၊ (ဠ-၁)၊ (ဋ) နှင့် (ဍ) တို့ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ ဆုံးဖြတ်ရမည်။"

၁၁။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၁၂ ၌ ပါရှိသော ပုဒ်မခွဲ (စ) ကို ပုဒ်မခွဲ (စ) နှင့် (ဆ) တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ဤဥပဒေအရ ထိုက်သင့်သော ဓာတ်သတ္တုခွန်နှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်အချိုးကို သတ်မှတ်ချက်များနှင့်အညီ ပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်ရမည်၊

(ဆ) အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ မြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့် ဖြစ်စေ၊ မြန်မာငွေနှင့် နိုင်ငံခြားငွေ နှစ်ရပ်လုံးဖြင့်ဖြစ်စေ ပေးဆောင်ရမည်။"

၁၂။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၁၆၊ ၁၇ နှင့် ၁၉ တို့၌ ပါရှိသော "ဦးစီးဌာန" ဆိုသည့် စကားရပ်ကို "ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၁၈ ၌ -

(က) ပုဒ်မခွဲ (က) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "သိုရီယမ်" ဆိုသည့် စကားရပ်၏နောက်၌ "ကက်ဒ်မီယမ်၊ မြေရှား သတ္တု၊ ဗယ်ရယ်လီယမ်၊ တိုက်တေနီယမ်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "မင်းဂနီးစ်" ဆိုသည့် စကားရပ်၏နောက်၌ "အလေးစီးတွင်းထွက်များ၊ မော်လစ်ဒီနမ်၊ မဂ္ဂနီဆီယမ်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "၁ ရာခိုင်နှုန်းမှ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၄။ မြန်မာ့သတ္တုတွင်းဥပဒေ အခန်း (၇) တွင် -

(က) အခန်းခေါင်းစဉ်၌ ပါရှိသော "၊ ရတနာနယ်မြေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၂၃ ၌ ပါရှိသော "သို့မဟုတ် ရတနာနယ်မြေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၂၄ ၌ ပါရှိသော "မည်သည့် ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "နိုင်ငံတော်နယ်နိမိတ်အတွင်းတွင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) ၏နောက်၌ ပုဒ်မခွဲ (ခ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ခ-၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊"

၁၆။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၂၇ ၌ ပါရှိသော "ဦးစီးဌာနမှ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၇။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၂၈ ၌ -

(က) ပုဒ်မခွဲ (ခ) နှင့် (ဃ) တို့တွင် ပါရှိသော "ဒဏ်ကြေးငွေ" ဆိုသည့် စကားရပ်၏ရှေ့တွင် "အာမခံငွေပမာဏအောက်မနည်းသော" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "အာမခံငွေနှင့် ကြိုတင်ငွေများ" ဆိုသည့် စကားရပ်ကို "အာမခံငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၃၀ ၌ -

(က) "ထောင်ဒဏ် ၇ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (က) ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့တွင် ပါရှိသော "သို့မဟုတ် ထုတ်လုပ်ခြင်း" ဆိုသည့် စကားရပ်ကို "ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ဝယ်ယူခြင်းနှင့် ရောင်းချခြင်း" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၉။ မြန်မာ့သတ္တုတွင်းဥပဒေတွင် -

(က) ပုဒ်မ ၃၁ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၂၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်သိန်းနှစ်ဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၂ ၌ ပါရှိသော "ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၃၃ ၌ ပါရှိသော "သို့မဟုတ် ရတနာနယ်မြေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး "ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၆။ ဤဥပဒေအရ ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။"

၂၁။ မြန်မာ့သတ္တုတွင်းဥပဒေတွင် ပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်းတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် )

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်သည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၃၊ နည်းဥပဒေခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၄၊ နည်းဥပဒေခွဲ (က) အရ ၎င်းရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၃

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

## ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပဋိပက္ခဖြေလျော့ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်

ပဋိပက္ခဖြေလျှော့ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဦးစံထွန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ ကချင်ပြည်နယ် | | ဥက္ကဋ္ဌ |
| (ခ) ဦးစခုန်တိန့်ယိန်း | မဲဆန္ဒနယ်အမှတ် (၄)၊ ကချင်ပြည်နယ် | | |
| (ဂ) ဦးမြအုန်း | မဲဆန္ဒနယ်အမှတ် (၈)၊ ကချင်ပြည်နယ် | | |
| (ဃ) ဦးဘိုးရယ် | မဲဆန္ဒနယ်အမှတ် (၃)၊ ကယားပြည်နယ် | | |
| (င) ဦးစောသန်းထွန်း | မဲဆန္ဒနယ်အမှတ် (၄)၊ ကရင်ပြည်နယ် | | |
| (စ) ဦးဟာရှိန်းဘွေ | မဲဆန္ဒနယ်အမှတ် (၈)၊ ချင်းပြည်နယ် | | |
| (ဆ) ဦးစိုးမြင့် | မဲဆန္ဒနယ်အမှတ် (၆)၊ မကွေးတိုင်းဒေသကြီး | | |
| (ဇ) ဦးတင်မောင်ဝင်း | မဲဆန္ဒနယ်အမှတ် (၃)၊ မန္တလေးတိုင်းဒေသကြီး | | |
| (ဈ) ဦးနိုင်ထွန်းအုံ | မဲဆန္ဒနယ်အမှတ် (၅)၊ မွန်ပြည်နယ် | | |
| (ည) ဦးမြင့်လှိုင် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရခိုင်ပြည်နယ် | | |
| (ဋ) ဦးထွန်းကျော် (ခ) ဦးအိုက်ကျော် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရှမ်းပြည်နယ် | | |
| (ဌ) ဦးလျှုကွယ်ရှို | မဲဆန္ဒနယ်အမှတ် (၁၁)၊ ရှမ်းပြည်နယ် | | |
| (ဍ) ဗိုလ်မှူးတိုးမင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | | |
| (ဎ) ဗိုလ်မှူးမျိုးထွန်းအောင် | တပ်မတော်သားကိုယ်စားလှယ် | | |
| (ဏ) ဦးမြင့်ထွန်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ ပဲခူးတိုင်းဒေသကြီး | | အတွင်းရေးမှူး |

**လုပ်ငန်းတာဝန်များ**

၂။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ၊ ကော်မရှင်များနှင့်လည်းကောင်း၊ ကော်မတီ၏လုပ်ငန်းနှင့်သက်ဆိုင်နေသော ပြည်ထောင်စုအဆင့် အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့်လည်းကောင်း ရေးရာကော်မတီ များနှင့် လွှတ်တော်အုပ်ချုပ်မှုမူဝါဒဆိုင်ရာ လုပ်ငန်းညှိနှိုင်းရေးအဖွဲ့မှတစ်ဆင့် လွှတ်တော် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ လုပ်ငန်း၏ရည်ရွယ်ချက်ကို ဖော်ဆောင်ခြင်း၊

(ခ) လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြည်တွင်းပဋိပက္ခဖြေရှင်းရေးကိစ္စအတွက် နယ်မြေ များသို့ သွားရောက်လေ့လာ၍ စုံစမ်းရာတွင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းရန်နှင့် အနည်းဆုံး ကော်မတီဝင် (၃) ဦးဖြင့် သွားရောက် ဆောင်ရွက်ခြင်း၊

(ဂ) ကော်မတီသည် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်သွင်းခြင်း၊

(ဃ) ကော်မတီသည် ငြိမ်းချမ်းရေးအတွက် အထူးကိစ္စဆောင်ရွက်ရန်များရှိက လွှတ်တော်မှတစ်ဆင့် အစိုးရအဖွဲ့သို့ ညှိနှိုင်းလျက် သက်ဆိုင်ရာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် မှီတင်းနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်အတွက် လူမျိုးစုများ လိုလားတောင့်တသည့် ဖက်ဒရယ်စနစ် ဖြစ်ပေါ်လာနိုင်မည့် အချက်အလက်များကို လေ့လာဖော်ထုတ်ခြင်း၊

(စ) ငြိမ်းချမ်းရေးလမ်းပြမြေပုံ အဆင့် (၃) ဆင့် ဖော်ဆောင်အောင်မြင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ ပြုစုခြင်း၊

(ဆ) ငြိမ်းချမ်းရေးဖော်ဆောင်မှုအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးသက်ရောက်မှုရှိနိုင်သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအခြေအနေ သုံးသပ်တင်ပြခြင်း၊

(ဇ) ပဋိပက္ခဖြစ်ပွားခဲ့ဖူးသည့်ဒေသများ၏ဖြစ်စဉ်များ လေ့လာ၍ အကြောင်းရင်းဖော်ထုတ်ခြင်းနှင့် ယင်းအချက်အကြောင်းအရာများအပေါ် အခြေခံ၍ ထပ်မံမဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်သင့်သည့် အချက်အလက်များ ပြုစုခြင်း၊

(ဈ) ပြည်တွင်းပြည်ပများက ပဋိပက္ခဖြစ်ပေါ်အောင် ဖန်တီးနိုင်မှုများကို လေ့လာဖော်ထုတ်ခြင်းနှင့် ကြိုတင်ကာကွယ်တားဆီးရန် နည်းလမ်းရှာဖွေခြင်း၊

(ည) ဒေသအလိုက် ပဋိပက္ခဖြစ်ပေါ်လာနိုင်သည့် အခြေခံအချက်အလက်များ ကြိုတင်ခန့်မှန်းရှာဖွေခြင်းနှင့် မဖြစ်ပေါ်လာရေးအတွက် စီစဉ်ဆောင်ရွက်သင့်သည့်နည်းလမ်း ဖော်ထုတ်ခြင်း၊

(ဋ) ကော်မတီ၏အစီရင်ခံစာကို အခါအားလျော်စွာ လွှတ်တော်သို့ တင်ပြခြင်း။

**ကော်မတီ၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းသတ်မှတ်ခြင်း**

၃။ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီအစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးကျင်းပစဉ်ကာလအတွင်း တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ် လွှတ်တော်အစည်းအဝေးများ ပြီးဆုံးချိန်များတွင် ခေါ်ယူကျင်းပပါမည်။ လုပ်ငန်းလိုအပ်ချက်ရှိပါက အစည်းအဝေးကို သီးခြားခေါ်ယူကျင်းပပါမည်။

(ခ) ကော်မတီဝင်တိုင်းသည် အစည်းအဝေးကို အဖြစ်နိုင်ဆုံးတက်ရောက်ရမည်ဖြစ်ပြီး မတက်ရောက်နိုင်ပါက ခွင့်ပန်ကြားရမည်။ ခွင့်ပန်ကြားမှုမရှိဘဲ သုံးကြိမ် တစ်ဆက်တည်းပျက်ကွက်ပါက ကော်မတီဝင်အဖြစ်က အလိုအလျောက်ရပ်စဲပါမည်။

(ဂ) ကော်မတီဥက္ကဋ္ဌသည် ကော်မတီအစည်းအဝေးကို သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဥက္ကဋ္ဌမရှိက ကော်မတီဝင်တစ်ဦးဦးကို သဘာပတိအဖြစ် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) လွှတ်တော်ကျင်းပချိန်မဟုတ်သော်လည်း တာဝန်အရ သွားရောက်သည့် ခရီးစဉ်များအတွက် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ တောင်းခံခွင့်ရှိသည်။

(င) ကော်မတီ၏သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

**အထွေထွေ**

၄။ အစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေမည်မဟုတ်ဘဲ မှတ်တမ်းအဖြစ်ထားရှိရန်နှင့် အစည်းအဝေး၏ ဆွေးနွေးချက်များကို ပြင်ပသို့ ပေါက်ကြားမှုမရှိစေရန်တို့ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

## ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဦးအောင်ငြိမ်း | မဲဆန္ဒနယ်အမှတ် (၂)၊ မကွေးတိုင်းဒေသကြီး | | ဥက္ကဋ္ဌ |
| (ခ) ဦးဂျေယောဝူ | မဲဆန္ဒနယ်အမှတ် (၁၂)၊ ကချင်ပြည်နယ် | | |
| (ဂ) ဦးမန်းကံညွန့် | မဲဆန္ဒနယ်အမှတ် (၂)၊ ကရင်ပြည်နယ် | | |
| (ဃ) ဦးဆွန်ဒုတ်ကျင့် | မဲဆန္ဒနယ်အမှတ် (၆)၊ ချင်းပြည်နယ် | | |
| (င) ဦးထွန်းမြင့် | မဲဆန္ဒနယ်အမှတ် (၆)၊ စစ်ကိုင်းတိုင်းဒေသကြီး | | |
| (စ) ဦးအောင်ချစ်လွင် | မဲဆန္ဒနယ်အမှတ် (၁၁)၊ စစ်ကိုင်းတိုင်းဒေသကြီး | | |
| (ဆ) ဦးမိုးမြင့် | မဲဆန္ဒနယ်အမှတ် (၇)၊ တနင်္သာရီတိုင်းဒေသကြီး | | |
| (ဇ) ဦးကြည်ထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ မကွေးတိုင်းဒေသကြီး | | |
| (ဈ) ဦးအောင်ကြည်ညွန့် | မဲဆန္ဒနယ်အမှတ် (၄)၊ မကွေးတိုင်းဒေသကြီး | | |
| (ည) ဦးဇော်ဝင်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ မွန်ပြည်နယ် | | |
| (ဋ) ဦးဉာဏ်လင်း | မဲဆန္ဒနယ်အမှတ် (၁)၊ ရှမ်းပြည်နယ် | | |
| (ဌ) ဦးညွန့်လှိုင် | မဲဆန္ဒနယ်အမှတ် (၄)၊ ဧရာဝတီတိုင်းဒေသကြီး | | |
| (ဍ) ဗိုလ်မှူးဇော်ခင်ထွဋ် | တပ်မတော်သားကိုယ်စားလှယ် | | |
| (ဎ) ဗိုလ်မှူးတင်အောင်မိုး | တပ်မတော်သားကိုယ်စားလှယ် | | |
| (ဏ) ဦးမှတ်ကြီး | မဲဆန္ဒနယ်အမှတ် (၉)၊ မန္တလေးတိုင်းဒေသကြီး | | အတွင်းရေးမှူး |

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

၂။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ -

(က) ပြည်သူတို့က လွှတ်တော်သို့ အားကိုးကြီးစွာဖြင့် တင်ပြလာသော တိုင်ကြားစာများ၏မှန်ကန်မှုကို လေ့လာစိစစ်ရမည်။

(ခ) တရားရုံးတစ်ခုခုက ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုရသေးသော ကိစ္စများမှအပ မှန်ကန်သော တိုင်ကြားချက်များအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဖြေရှင်းပေးရမည်။

(ဂ) မှန်ကန်မှုမရှိသောတိုင်ကြားစာများအတွက် အကျိုးအကြောင်းရှင်းလင်းဖော်ပြ၍ ပြန်ကြားပေးရမည်။

(ဃ) တိုင်ကြားစာများအနက် အများပြည်သူအကျိုးစီးပွားနှင့် စပ်ဆိုင်သောကိစ္စများကို လွှတ်တော်သို့ အဆိုတင်ပြရမည်။

(င) ကောင်းမွန်သောအုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြောင်းကြားအသိပေးခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ရမည်။

**ကော်မတီလုပ်ပိုင်ခွင့်များ**

၃။ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ -

(က) ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌများထံသို့ တင်ပြလာသော တိုင်ကြားစာများနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းနိုင်သည်။

(ခ) ကော်မတီသည် တရားရုံးတစ်ခုခုက ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုရသေးသော ကိစ္စများမှအပ မှန်ကန်သောတိုင်ကြားချက်များအတွက် စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်တကွ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အမှုတွဲနှင့်တကွ လွှဲပြောင်းပေးပို့သွားရမည်။

(ဂ) ကော်မတီသည် တိုင်ကြားစာများအနက် အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သောကိစ္စများဖြစ်ပါက သက်ဆိုင်ရာနေရာဒေသသို့ ကွင်းဆင်းစစ်ဆေးနိုင်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။ လေ့လာစုံစမ်းတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရမည်။

(ဃ) တိုင်ကြားစာပေးပို့သူများ၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်း အကြောင်းပြန်ကြားနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို လွှတ်တော်သို့ အကြောင်းကြားလာပါက ကော်မတီအနေဖြင့် သက်ဆိုင်ရာများထံ အကြောင်းပြန်ကြားပေးရမည်။

**ကော်မတီ၏ရပိုင်ခွင့်များ**

၄။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၅။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

**သက်တမ်းသတ်မှတ်ခြင်း**

၆။ ကော်မတီ၏သက်တမ်းသည် ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်ပါသည်။

**အထွေထွေ**

၇။ ကော်မတီအနေဖြင့် ပြည်သူတို့၏တိုင်ကြားစာများ ရောက်ရှိလာပါက -

(က) ဝင်စာမှတ်ပုံတင်တွင် ဦးစွာစာရင်းရေးသွင်းခြင်း၊

(ခ) ဝင်စာများအပေါ် တိုင်ကြားစာအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း၊

(ဂ) ကော်မတီဝင်များမှ တိုင်ကြားစာများအပေါ် အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် တိုင်ကြားစာတစ်စောင်ချင်းတွင် ပါရှိသည့် ဖြစ်စဉ်အကြောင်းအရာအကျဉ်းချုပ်၊ ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို ကော်မတီအစည်းအဝေးတွင် ဆွေးနွေးသုံးသပ် ဆုံးဖြတ်ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ပါသည်။

(ဃ) ကော်မတီဝင်များအားလုံး သဘောတူညီမှုဖြင့် ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်တကွ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တိုင်ကြားစာအမှုတွဲနှင့်အတူ ဆက်လက်တင်ပြပါသည်။

(င) ကော်မတီ၏စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ သဘောတူပြီးပါက အမျိုးသားလွှတ်တော်အား တာဝန်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကိုယ်စား ကော်မတီဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ အမှုတွဲနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များသို့ ပေးပို့ပါသည်။

(စ) သက်ဆိုင်ရာများက ပြန်ကြားလာသည့်စာများကို တိုင်ကြားစာပေးပို့သူများထံသို့ ပြန်လည်ပေးပို့အကြောင်းကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ထူးခြားမှုရှိသောကိစ္စရပ်များကို သက်ဆိုင်ရာဒေသများသို့ အဖွဲ့က ကွင်းဆင်းစစ်ဆေး၍ တွေ့ရှိချက်များကို လွှတ်တော်သို့ ပြန်လည်တင်ပြခြင်းများ ဆောင်ရွက်ပါသည်။

(ဇ) ပြည်သူများ၏လိုလားချက်များကိုလည်း အမြန်ဆုံးသိရှိဖြေရှင်းပေးရန်အတွက် အမျိုးသားလွှတ်တော်တွင် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းပါသည်။

(ဈ) ထူးခြားသည့်ကိစ္စရပ်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာများသို့ သဝဏ်လွှာပေးပို့ခြင်းကို ဆောင်ရွက်ပါသည်။

(ည) ပြည်ထောင်စုလွှတ်တော်တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုများကြောင့် နစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းထားပြီးဖြစ်၍ ဤကော်မတီသို့ ရောက်ရှိလာသောလယ်ယာမြေသိမ်းဆည်းရေးနှင့်ဆိုင်သောတိုင်ကြားစာများကို အဆိုပါကော်မရှင်သို့ လွှဲပြောင်းပေးလျက်ရှိပါသည်။

(ဋ) ကော်မတီက သက်ဆိုင်ရာများကို စိစစ်ဖြေရှင်းပေးနိုင်ရန် တိုင်ကြားစာများကို ပေးပို့ရန်ကြန့်ကြာမှုများ ဖြေရှင်းရန် လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီကတစ်ဆင့် ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

(ဌ) တိုင်ကြားစာများအပေါ် အများပြည်သူအကျိုးနှင့်စပ်ဆိုင်သော ကိစ္စရပ်များအား လွှတ်တော်သို့ 'အဆို' အဖြစ် တင်သွင်းပေးပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၆/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်ခင်ဝိုင်းကြည် | မဲဆန္ဒနယ်အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးမန်းကံညွန့် | မဲဆန္ဒနယ်အမှတ် (၂)၊ ကရင်ပြည်နယ် | |
| (ဂ) | ဦးပေါလ်ထန်ထိုင်း | မဲဆန္ဒနယ်အမှတ် (၃)၊ ချင်းပြည်နယ် | |
| (ဃ) | ဦးမောင်စိန် | မဲဆန္ဒနယ်အမှတ် (၅)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (င) | ဦးလှစိုး | မဲဆန္ဒနယ်အမှတ် (၉)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးအောင်သန်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ မကွေးတိုင်းဒေသကြီး | |
| (ဆ) | ဦးအေး | မဲဆန္ဒနယ်အမှတ် (၇)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဇ) | ဒေါက်တာလှသိန်း | မဲဆန္ဒနယ်အမှတ် (၆)၊ မွန်ပြည်နယ် | |
| (ဈ) | ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး | မဲဆန္ဒနယ်အမှတ် (၃)၊ ရခိုင်ပြည်နယ် | |
| (ည) | ဦးအုန်းတင် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရခိုင်ပြည်နယ် | |
| (ဋ) | ဦးနု | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရန်ကုန်တိုင်းဒေသကြီး | |
| (ဌ) | ဦးစိုင်းစံမင်း | မဲဆန္ဒနယ်အမှတ် (၃)၊ ရှမ်းပြည်နယ် | |
| (ဍ) | ဦးဝင်းသိန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဎ) | ဗိုလ်မှူးကျော်သူ | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ် | အတွင်းရေးမှူး |

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

၂။ ကော်မတီသည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၁ အရ လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမည်။

၃။ ကော်မတီသည် နိုင်ငံတော်အတွင်း ဖွဲ့စည်းဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) နှင့် ပြည်ပကအဖွဲ့အစည်းများ (INGOs) တို့နှင့်ပတ်သက်၍ သိသင့်သိထိုက်သော အခြေအနေနှင့် အရေးကြီးသောအနေအထားတို့အပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများ ပြုစုတင်ပြရမည်။

၄။ လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်လျော်၍ဖြစ်စေ လေ့လာစေသော (သို့မဟုတ်) ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာ ပြုစုတင်ပြရမည်။

၅။ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ်ပြန်လည်ပြုစုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁ ပါ လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့် လွှတ်တော်သို့ တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျတင်သွင်းရမည်။

၆။ ကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ ပုဒ်မ ၃၅၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည့် အခွင့်အရေးများအနက် ပုဒ်မခွဲ (ဂ) ပါ အချက်ကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန် အလေးထားကူညီဆောင်ရွက်ရမည် -

**"ပုဒ်မ ၃၅၄။** နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ဖော်ပြပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည် -

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့် ရေးသားဖြန့်ဝေခွင့်၊

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊

(ဂ) အသင်းအဖွဲ့ (သို့မဟုတ်) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊

(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်၊"

၇။ အထက်ဖော်ပြပါ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသင်းအဖွဲ့ (သို့မဟုတ်) အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံသားများအနေနှင့် လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့် မရရှိခြင်း (သို့မဟုတ်) အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိခြင်း စသောကိစ္စရပ်များတွင် အခြေအနေအရပ်ရပ်အား လေ့လာ၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ သုံးသပ်ချက်၊ ထင်မြင်ယူဆချက်နှင့်တကွ တင်ပြရမည်။

၈။ ထို့အပြင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းတစ်ခုခုသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိပါးစေနိုင်သည့် ဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်ဆန့်ကျင်၍ ပြုလုပ်ဆောင်ရွက်နေမှုများကို လေ့လာတွေ့ရှိရပါက ပဏာမလေ့လာတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်ပြရမည်။

၉။ ကော်မတီသည် အခြားနိုင်ငံလွှတ်တော်များတွင် (NGOs) နှင့် (INGOs) များနှင့်ပတ်သက်၍ ကော်မတီ၊ ကော်မရှင်အဖွဲ့ စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံများကို လေ့လာ၍ တွေ့ရှိချက်အား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရမည်။

၁၀။ ကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစရှိသော ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရ ဝန်ကြီးဌာနများနှင့် လိုအပ်သလိုဆက်သွယ်၍ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ စာရင်းနှင့်အချက်အလက်များကို လေ့လာစုဆောင်းပြုစုရမည်။ အဆိုပါအဖွဲ့အစည်း အသင်းအဖွဲ့များနှင့် ဆက်သွယ်နိုင်မည့်နည်းလမ်းများနှင့် လမ်းကြောင်းများဆိုင်ရာအချက်အလက်များကိုလည်း ရယူပြုစုထားရမည်။

၁၁။ ပြည်တွင်းပြည်ပတို့မှ အစိုးရမဟုတ်သောအဖွဲ့အစည်းများအား အမျိုးအစားနှင့် လုပ်ငန်းများအလိုက် ခွဲခြား၍ စာရင်းဇယားများ ပြုစုထားပြီး ၎င်းတို့ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ တာဝန်၊ လုပ်ငန်းဆောင်ရွက်ပုံနှင့် အောင်မြင်မှု ရှိ/မရှိ အခြေအနေများကို လေ့လာသုံးသပ်၍ မှတ်တမ်းများ ပြုစုထားရမည်။ မှတ်တမ်းများအား လွှတ်တော်ဥက္ကဋ္ဌက တောင်းခံသည့်အခါ စနစ်တကျတင်ပြရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်နှင့်သက်တမ်းသတ်မှတ်ခြင်း**

၁၂။ ကော်မတီသည် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို လည်းကောင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

၁၃။ ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ အသင်းအဖွဲ့ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ (သို့မဟုတ်) အစိုးရရုံး ဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းရုံးဌာနများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက် နိုင်သည်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

၁၄။ နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသော လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူ့အခွင့်အရေး အစရှိသည့် လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့လည်း တာဝန်နှင့် ဆက်စပ်မှုရှိပါက သွားရောက်လေ့လာနိုင်သည်။ မေးမြန်းဆွေးနွေးနိုင်သည်။

၁၅။ ကော်မတီ၏လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရမည်။

၁၆။ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံ ဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များ ပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ် ဆောင်ရွက်နိုင်သည်။

၁၇။ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍မူ မိမိက ဆက်သွယ်ဆောင်ရွက်လိုလျှင် ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏အစီအစဉ်ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့်ရှိသည်။

၁၈။ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ (သို့မဟုတ်) ကော်မတီဝင်များထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုနိုင်သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၁၉။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက်ချက်များအား အရေးပါမှုဦးစားပေးအလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြသွားရမည်။

၂၀။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၂၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း**

၂၂။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၃ နှင့် ၈၄ ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

**ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၂၃။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအားတည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၂၄။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့်ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးကသင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။ အဖွဲ့ဝင်များသည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၇၊ ၄၈ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ကို ဆောင်ရွက်နိုင်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးမောင်မောင်အေး | မဲဆန္ဒနယ်အမှတ် (၁၁)၊ ဧရာဝတီတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးဖေသောင်း | မဲဆန္ဒနယ်အမှတ် (၆)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးစောထွန်းမြအောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ကရင်ပြည်နယ် | |
| (ဃ) | ဦးမန်းအောင်တင်မြင့် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ကရင်ပြည်နယ် | |
| (င) | ဦးကျွန်ခဲန်း | မဲဆန္ဒနယ်အမှတ် (၁)၊ ချင်းပြည်နယ် | |
| (စ) | ဒေါက်တာမြင့်နိုင် | မဲဆန္ဒနယ်အမှတ် (၃)၊ စစ်ကိုင်းတိုင်းဒေသကြီး | |

(ဆ) ဦးမောင်မောင်ကြီး မဲဆန္ဒနယ်အမှတ် (၁၀)၊ စစ်ကိုင်းတိုင်းဒေသကြီး
(ဇ) ဦးသက်နိုင်ဦး မဲဆန္ဒနယ်အမှတ် (၆)၊ ပဲခူးတိုင်းဒေသကြီး
(ဈ) ဦးကျော်သူဦး မဲဆန္ဒနယ်အမှတ် (၅)၊ မကွေးတိုင်းဒေသကြီး
(ည) ဦးစိုးအောင် မဲဆန္ဒနယ်အမှတ် (၁၁)၊ မန္တလေးတိုင်းဒေသကြီး
(ဋ) ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် မဲဆန္ဒနယ်အမှတ် (၆)၊ ရှမ်းပြည်နယ်
(ဌ) ဦးညွန့်လှိုင် မဲဆန္ဒနယ်အမှတ် (၄)၊ ဧရာဝတီတိုင်းဒေသကြီး
(ဍ) ဦးဝင်းသိန်း မဲဆန္ဒနယ်အမှတ် (၉)၊ ဧရာဝတီတိုင်းဒေသကြီး
(ဎ) ဗိုလ်မှူးမျိုးထွန်းအောင် တပ်မတော်သားကိုယ်စားလှယ်
(ဏ) ဦးဖုန်းမြင့်အောင် မဲဆန္ဒနယ်အမှတ် (၃)၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး

၂။ ကော်မတီ၏သက်တမ်းသည် ပြင်ဆင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၄။ ကော်မတီသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် တောင်သူလယ်သမားများ၏ အခွင့်အရေးဆိုင်ရာကိစ္စများဖြစ်သော မြေယာနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ခံစားခွင့်ရရှိရေး၊ လွတ်လပ်စွာစိုက်ပျိုးရောင်းချခွင့်ရရှိရေး၊ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ အခွင့်အရေး ရရှိရေး၊ လိုအပ်ပါက ဥပဒေအသစ်ပြဋ္ဌာန်းရေး၊ လယ်ယာထွက်ကုန်များ သင့်လျော်သောဈေးနှုန်းရရှိရေး၊ ဈေးကွက်များချဲ့ထွင်နိုင်ရေး၊ ထွက်ကုန်သီးနှံများ အရည်အသွေးမြင့်မားရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ရရှိရေး၊ စိုက်ပျိုးစရိတ်၊ ရေနှင့်အရည်အသွေးပြည့်မီသော သွင်းအားစုများ လုံလောက်စွာရရှိပြီး ထိုက်သင့်သော အကျိုးအမြတ်ရရှိရေး၊ နိုင်ငံတော်မှ စံသတ်မှတ်ထားသော အလေးချိန်၊ တင်း၊ တောင်းစနစ် သုံးစွဲနိုင်ရေးတို့ကို ဖော်ဆောင်ပေးရန်ဖြစ်သည်။

၅။ ကော်မတီသည် မိမိ၏လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းနိုင်သည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၆။ ကော်မတီသည် တောင်သူလယ်သမားများနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်သည်။

၇။ ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသများသို့ တာဝန်အရ သွားရောက်လေ့လာဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့်အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည် များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

၈။ ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရကဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော (သို့မဟုတ်) လိုအပ်သလို အရေးယူဆောင်ရွက်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရမည်။

၉။ တောင်သူလယ်သမားများနှင့်ပတ်သက်၍ ကော်မတီသည် လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့် လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှုရှိစေရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်သည်။

၁၀။ တောင်သူလယ်သမားများနှင့်ပတ်သက်၍ မိမိက ဆက်သွယ်ဆောင်ရွက်လိုလျှင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏ အစီအစဉ်ဖြင့်သာ တရားဝင်ဆောင်ရွက်ခွင့်ရှိသည်။

၁၁။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီ (သို့မဟုတ်) ကော်မတီဝင်ထံသို့ ဆက်သွယ်လာလျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုနိုင်သည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း စသည့် ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရမည်။

၁၂။ တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးကော်မတီ၏ ဆောင်ရွက်ချက်များအား ဦးစားပေးအစီအစဉ်အလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြသွားရမည်။

### လွှတ်တော်ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း

၁၃။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၃ နှင့် ၈၄ ပါ ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

### လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၁၄။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၇၊ ၄၈ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

### ကော်မတီဝင်များ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ

၁၅။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မတီအစည်းအဝေးတက်ရောက်ရန်ဖြစ်စေ တာဝန်အရ ခရီးသွားလာခြင်းအတွက် ခရီးစရိတ်နှင့် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေထိုင်စဉ် တည်းခိုနေထိုင်စရိတ်၊ စားသောက်စရိတ်နှင့် အခြားစရိတ်များအား တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ယူခံစားခွင့်ရှိသည်။

၁၆။ ကော်မတီဝင်များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ တာဝန်ဖြင့် ခရီးသွားလာခြင်းနှင့် တည်းခိုနေထိုင်ခြင်းအတွက် အုပ်ချုပ်မှုနှင့် နေရာထိုင်ခင်းများအား လွှတ်တော်ရုံးက သင့်လျော်သလို စီစဉ်ဆောင်ရွက်ပေးရမည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် )

**မဟာဗျူဟာလေ့လာရေးနှင့်သုတေသနကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဗိုလ်မှူးကြီး မောင်မောင်ထူး | တပ်မတော်သားကိုယ်စားလှယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးလှမောင် | မဲဆန္ဒနယ်အမှတ် (၁၁)၊ ကယားပြည်နယ် | |
| (ဂ) | ဦးဝှေ့ယိန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ ချင်းပြည်နယ် | |
| (ဃ) | ဦးဝင်းတင့် | မဲဆန္ဒနယ်အမှတ် (၁)၊ စစ်ကိုင်းတိုင်းဒေသကြီး | |
| (င) | ဦးစိုးသက် | မဲဆန္ဒနယ်အမှတ် (၁)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးလှဆွေ | မဲဆန္ဒနယ်အမှတ် (၁၂)၊ မကွေးတိုင်းဒေသကြီး | |
| (ဆ) | ဒေါက်တာစိုးထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဇ) | ဦးတင်မောင်ဝင်း | မဲဆန္ဒနယ်အမှတ် (၃)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဈ) | ဦးခင်မောင်ဌေး | မဲဆန္ဒနယ်အမှတ် (၁၀)၊ မန္တလေးတိုင်းဒေသကြီး | |
| (ည) | ဦးကျော်ထွန်းအောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ရခိုင်ပြည်နယ် | |
| (ဋ) | ဦးသက်လင်း | မဲဆန္ဒနယ်အမှတ် (၈)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဌ) | ဒုတိယဗိုလ်မှူးကြီး ဇော်မိုး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဍ) | ဒုတိယဗိုလ်မှူးကြီး စိုးလင်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ဎ) | ဗိုလ်မှူးတိုးမင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ဏ) | ဗိုလ်မှူးဇဝန | တပ်မတော်သားကိုယ်စားလှယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည် သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၄။ (က) ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေးမြင့်မားရေး (Capacity Building) အတွက် အပြန်အလှန်ဆွေးနွေးပွဲ (debate) ဟောပြောပွဲနှီးနှောဖလှယ်ပွဲ (seminar) နှင့် အလုပ်ရုံဆွေးနွေးပွဲ (workshop) များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ကြီးကြပ်ဆောင်ရွက်သွားရန်။

(ခ) ကော်မတီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ထား၍ ကုလသမဂ္ဂအဖွဲ့ချုပ်နှင့် ကမ္ဘာ့နိုင်ငံများ၏မျက်နှာစာတွင် အမျိုးသားအကျိုးစီးပွား National Interest ကို ထိခိုက်လာနိုင်သည့် လုပ်ဆောင်ချက်များကို ကြိုတင်ဟန့်တားနိုင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေးနှင့် လတ်တလောဖြစ်စဉ်များအား မဟာဗျူဟာ၊ အဂ္ဂမဟာဗျူဟာကျကျ လေ့လာသွားရန်။

(ဂ) ကမ္ဘာ့နိုင်ငံများ၏ လွှတ်တော်ကိစ္စရပ်များအား လေ့လာသုံးသပ်၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခြင်း၊ နိုင်ငံအသီးသီးတို့၏ ပကတိဖြစ်ပျက်နေမှုအခြေအနေအရပ်ရပ်ကို အမြဲမပြတ် လေ့လာဆန်းစစ်၍ မှတ်တမ်းပြုစုရန်နှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်၏လုံခြုံရေးအား ထိခိုက်လာနိုင်သည့် အလားအလာများကို ကြိုတင်လေ့လာဆန်းစစ်၍ လွှတ်တော်ဥက္ကဋ္ဌသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန်။

(ဃ) နိုင်ငံတော်နှင့် ပြည်သူတို့၏ အမျိုးသားအကျိုးစီးပွား ထိခိုက်နိုင်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ဆက်ဆံရေး စသည့် အခြေအနေများအား စဉ်ဆက်မပြတ် လေ့လာတင်ပြရန်။

(င) မဟာဗျူဟာလေ့လာရေးကဏ္ဍအား ခေတ်ရေစီးကြောင်းနှင့်အတူ ကမ္ဘာတစ်ဝန်း လတ်တလောဖြစ်ပျက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ စစ်ရေး၊ လူမှုရေး စသည်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်နိုင်မှသာ တိုင်းပြည်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် လက်တွေ့အကောင်အထည်ဖော်ရာ၌ ကျင့်သုံးသင့်သည့် မဟာဗျူဟာများကို ကမ္ဘာ့မျက်မှောက်အခြေအနေနှင့် ဒေသတွင်းအခြေအနေများအပေါ် ထင်ဟပ်၍ မှန်ကန်တည့်မတ်စွာ ကျင့်သုံးဆောင်ရွက်နိုင်မည့် ဘက်ပေါင်းစုံလုံခြုံရေး (Comprehensive Security) ရရှိစေရေးအတွက် ရည်ရွယ်ချက်မြင့်မားစွာ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) မျက်မှောက်ခေတ်ကာလတွင် နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံကြိုးစားဆောင်ရွက်နေသောအခြေအနေတွင် ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ချမှတ်ကျင့်သုံးသော ကဏ္ဍစုံမဟာဗျူဟာများအား အမျိုးသားရေးအသွင်တစ်ရပ်အနေဖြင့် စဉ်ဆက်မပြတ် လေ့လာသုတေသနပြုရန်။

(ဆ) နိုင်ငံတကာလွှတ်တော်များ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံလွှတ်တော်များ၏ မဟာဗျူဟာလုပ်ငန်းစဉ်များ၊ သုတေသနပြုလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်လေ့လာသွားရန်။

(ဇ) အာဆီယံနိုင်ငံများမှ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံ၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာ ချမှတ်ဆောင်ရွက်မှုများအား လေ့လာမှတ်တမ်းတင်ခြင်းနှင့် ခေတ်နှင့်အညီ ပြောင်းလဲလာသော နည်းဗျူဟာ၊ မဟာဗျူဟာများကို သုတေသနပြု၍ စဉ်ဆက်မပြတ်လေ့လာရန်။

**ကော်မတီ၏လုပ်ပိုင်ခွင့်**

၅။ (က) လွှတ်တော်ဥက္ကဋ္ဌက သီးခြားပေးအပ်သောတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်၍ သုတေသနလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များ ရယူစုဆောင်းသွားရန်။

(ခ) ကော်မတီဝင်များ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်လာစေရေး အစဉ်သုတေသနပြု လေ့လာဆောင်ရွက်သွားရန်။

(ဂ) နိုင်ငံရှိ အုပ်ချုပ်မှုအဖွဲ့အစည်း၊ တရားရေးပိုင်းဆိုင်ရာ၊ လွှတ်တော်ပိုင်းဆိုင်ရာကော်မတီ အသီးသီး၏မဟာဗျူဟာများကို လေ့လာ၍ ဥပဒေပြုမှုအပိုင်းတွင် ပြည်သူတို့အကျိုးဖြစ်ထွန်းရေး အတွက် တွေ့ရှိချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခွင့်ပြုချက်ရယူ၍ လွှတ်တော်သို့ တင်ပြအစီရင်ခံရန်။

(ဃ) အစိုးရဝန်ကြီးဌာနအသီးသီးမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ စီမံကိန်းများ၏ မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းနည်းစနစ် နည်းလမ်းများအား စောင့်ကြပ် ကြည့်ရှုခြင်း (oversight) ပြုလုပ်သွားရန်။

(င) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်များအား တတ်နိုင်သမျှ သုတေသနပြုစုစည်းရန်နှင့် မဟာဗျူဟာကျကျ လေ့လာသုံးသပ်ပြီး လိုအပ်ချက်၊ လိုလားချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရန်။

(စ) ကော်မတီသည် တိုင်းရင်းသားပြည်သူများ၏ လိုလားချက်များ (wants, needs) အား စုစည်း သုတေသနပြု လေ့လာသုံးသပ်ရာ၌ ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ကော်မတီ ကော်မရှင်များ၊ ကော်မတီနှင့် လုပ်ငန်းသက်ဆိုင်နေသော ပြည်ထောင်စုအဆင့် အစိုးရဌာနများ၊ ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အခါအားလျော်စွာ ဖိတ်ခေါ်ဆွေးနွေးညှိနှိုင်းခြင်း၊ လွှတ်တော်ဥက္ကဋ္ဌမှ တာဝန်ပေးအပ်ပါက အောက်ခြေဆင်း စုံစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်းနှင့် ကော်မတီ သည် လုပ်ငန်းဆောင်ရွက်ပြီးတိုင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြခြင်းအပြင် သီးခြားပေးအပ်သော တာဝန်များအား ထမ်းဆောင်ရန်။

(ဆ) လွှတ်တော်အခန်းကဏ္ဍမြင့်မားစေရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေး၊ အရည်အချင်း မြင့်မားစေရေးအတွက် နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်စဉ်များကို အပြန်အလှန်လေ့လာခြင်း၊ ပညာရပ်ဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ များအား ကျင်းပသွားရန်နှင့် ကော်မတီရှိ လွှတ်တော်ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေး (capacity building) ကိုလည်း မြှင့်တင်ဆောင်ရွက်သွားရန်။

(ဇ) လက်ရှိနိုင်ငံတော်၏ ကျင့်သုံးဆောင်ရွက်နေသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခန်းကဏ္ဍ အပြန်အလှန်ထိန်းကျောင်းနေမှုအခြေအနေအား လေ့လာဆန်းစစ်ရန်။

(ဈ) နိုင်ငံတော်လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် မဟာဗျူဟာများအား လေ့လာရန် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် နည်းပညာ ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ သမိုင်းဆိုင်ရာသုတေသနလုပ်ငန်းများ လက်တွေ့လုပ်ဆောင် နိုင်ရေးနှင့် ရှင်သန်တိုးတက်ရေးအတွက် ကော်မတီမှ အထူးအလေးထားဆောင်ရွက်ရန်။

(ည) နိုင်ငံတော်၏ သိပ္ပံနှင့်နည်းပညာသုတေသန၊ နည်းပညာဖွံ့ဖြိုးမှု၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေးသုတေသနလုပ်ငန်းများ၊ စက်မှုလက်မှုဖွံ့ဖြိုး တိုးတက်ရေးသုတေသနလုပ်ငန်းများ၊ နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာသုတေသနလုပ်ငန်းများ၊ ကျန်းမာရေးနှင့်လူမှုရေးဆိုင်ရာသုတေသနလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာသုတေသနလုပ်ငန်းများအား စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်

ကြပ်မတ်၍ ပြည်သူများ၏ လူနေမှုဘဝများ ပြည့်စုံကောင်းမွန်စေရေး မဟာဗျူဟာများ ချမှတ်သုတေသနပြုဆောင်ရွက်သွားရန်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် )

### နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်မှ အောက်ဖော်ပြပါ အဖွဲ့ဝင် (၂) ဦးအား ၎င်းတို့၏သဘောဆန္ဒအလျောက် ယှဉ်တွဲပါနေ့ရက်များအတိုင်း အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည် -

(က) ဦးကြည်ရှိန် (၁၅-၈-၂၀၁၃)

(ခ) ဒေါ်ခင်သွယ်သွယ်မြင့် (၂၈-၁၀-၂၀၁၃)

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၃၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

### ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အစားထိုးပြောင်းလဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်စွဲပါ ကြေညာချက်အမှတ် (၁၈/၂၀၁၃) ဖြင့် အစားထိုးတာဝန်ပေးအပ်ခဲ့သည့် ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးကျော်မိုး အစား ဦးစိုးမြင့်အား စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် )

အမှတ် ၆၄ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ အောက်ဖော်ပြပါ အမှုထမ်း (၉) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **မူလရာထူး/လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း** |
|---|---|---|---|
| (က) | ဒေါ်စိန်စိန်ဝင်း | စာရင်းကိုင် (၁)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ငွေစာရင်း)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ခ) | ဒေါ်ခိုင်ဝင်းနွယ် | စာရင်းကိုင် (၁)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ငွေစာရင်း)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဂ) | ဒေါ်ခင်ဌေးမြင့် | စာရင်းကိုင် (၁)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ငွေစာရင်း)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဃ) | ဒေါ်နှင်းဝင့်စံ | ကြီးကြပ်ရေးမှူး (ပြင်/ထိန်း)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စက်မှု)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (င) | ဒေါ်ငယ်ငယ်ထွန်း | ကြီးကြပ်ရေးမှူး (ပြင်/ထိန်း)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စက်မှု)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (စ) | ဦးဇော်လင်းထွန်း | ကြီးကြပ်ရေးမှူး (ပြင်/ထိန်း)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စက်မှု)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဆ) | ဒေါ်ခင်သူဇာ | ကြီးကြပ်ရေးမှူး (ပြင်/ထိန်း)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (စက်မှု)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဇ) | ဒေါ်ကျော့ကေခိုင် | ကြီးကြပ်ရေးမှူး (ပြင်/ထိန်း)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပြစက်ထိန်း)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |
| (ဈ) | ဒေါ်ကလျာဦး | ကြီးကြပ်ရေးမှူး (ပြင်/ထိန်း)<br>(၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) | ဌာနခွဲမှူး (ပြစက်ထိန်း)<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၁၀၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ တောင်ရှည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၉/နားရှိုးရွာကွင်း)၊ ဦးပိုင်အမှတ် (N-၁၈)၊ သာသနာ့မြေဧရိယာ **(၇. ၄၀) ဧက**အား **တိပိဋက (ကမ္ဘောဇ) ကျောင်းတော်ကြီး** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာ (၁၁၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ်၊ ပုန်ခုန်းရပ်ကွက်၊ ကွင်းအမှတ် (၆/ပုန်ခုန်း)၊ ဦးပိုင်အမှတ် (၃၄)၊ မြေကွက်အမှတ် (၃၆)၊ မြေဧရိယာ **(၁. ၇၇၅) ဧက**ရှိမြေအား **တနိုင်းမြို့နယ် အင်္ဂလီကန် ဘုရားကျောင်း** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာ (၁၁၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် )

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့နယ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၅၁ (တိုးချဲ့)၊ မြေကွက်အမှတ် (၁/က)၊ **မြေဧရိယာ (၂. ၃၈၇) ဧက**ရှိမြေအား **ဓမ္မဂုဏ်ရည် စာသင်တိုက်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**[ ယခင်အပတ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃၊ Master and Deck Department နှင့် Engine Department တို့အတွက် ပင်လယ်ပြင်လုပ်သက်တွက်ချက်ခြင်းဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်သည့်လမ်းညွှန်ချက်များမှအဆက် ]**

| Capacity | Voyage | Ship size | Min. age | MMU | MMMC | Matriculated |
|---|---|---|---|---|---|---|
| **Chief Mate (Reg. II/2*)** | Near-coastal | Less than 3,000 gt | 18 | 36 months* (reduced to 12 months* if following an approved training programme)* | 36 months* (reduced to 18 months* if following an approved training programme)* | 36 months |
| **Master (Reg. II/2*)** | Near-coastal | Less than 3,000 gt | | 12 months watchkeeping service whilst holding a Chief Mate unlimited II/2 certificate<br>or<br>12 months watchkeeping service whilst holding a Chief Mate unlimited (< 3,000 gt) II/2* certificate<br>or<br>12 months watchkeeping service whilst holding a Chief Mate (NCV) II/2* (Class V) certificate | | |

**General Requirements for determining "Qualified Seagoing Service"**

5. (A) The qualified seagoing service specified for any particular deck officer certificate of competency must be performed in the deck department and is reckoned from the date of engagement to the date of discharge. At least 6 months of the qualified seagoing service must have been performed on board merchant trading vessel within the 5 years preceding the application. Seagoing service should normally be performed on merchant ships of not less than 500gt proceeding to sea.

(B) Certificates of discharge (seafarer's Record Book) for service in the foreign trade will generally be accepted as proof of seagoing service, but certificates of discharge within the coastal trade or near coastal voyages will, when necessary, be sent for verification to the authority concerned. Examiners will ensure that these discharges have not been tampered with in any way. Where service in charge of a watch is required, certificates of watch keeping service must also be produced.

(C) For the Certificate of Competency as Master (Unlimited Voyage), Chief Mate (Unlimited Voyage), and Officer in Charge of a Navigational Watch (OOW), the qualifying seagoing service usually required is service performed in merchant trading vessel. Other seagoing service that performed in non-trading vessels, such as naval vessels, fishing vessels, pilot vessels, may be accepted in lieu of limited amount of service in specialized ships.

(D) **Service in Foreign-Going Vessels** Watch keeping service performed on a ship on foreign going articles will be accpted in full if the vessel has proceeded along International Voyage.

(E) **Service in the Near-coastal area** The equivalent rates for service in the Near Coastal Voyages (NCV) for admission to examination for Certificates of Competency of Unlimited Voyage are as follows:

(1) Service in Near Coastal Voyage (NCV) vessels of 3,000gt and over shall count in full.

(2) Service in vessels of 500gt and above but less than 3,000 GT, shall count in full where the most distant ports visited are at least 500 miles apart. Where the most distant ports are less than 500 miles apart, service will count at two-thirds rate.

(3) Notwithstanding anything described in the above paragraphs 5 (E) (1) and 5 (E) (2), candidates for Certificate of Competency as Master and Chief Mate (Unlimited) must have actual international voyage experiences as provided under qualification required for Masters and Mates.

(F) **Watch keeping Service**

(1) Candidates for certification as Officer in Charge of a Navigational Watch (OOW) are required to produce a statement from their employers, or the master(s) under whom they have served, that at least 6 of the last 12 months of their sea service have been spent on navigational watch keeping duties under the supervision of a certificated officer. These duties may include keeping a lookout on the bridge or acting as helmsman but should not generally exceed 2 months out of the required 6 months. Where watch keeping service is required for other certificates, candidates must provide proof of having served as watch keeping officer for not less than 8 hours out of every 24 hours service claimed.

(2) Where watch keeping service for Chief Mate and Master is required, candidates must prove by production of certificates that during the whole period claimed they have been in full charge or in effective charge of a watch for not less than eight hours out of every 24 hours service claimed. "Effective charge of a watch" means responsibility for the watch, but does not preclude occasional supervision by a senior officer who at any time takes charge of the watch. Where, however, the senior officer does take charge, the watch is doubled and the fact should be noted for entry in the Certificate of Watch keeping Service;

(3) An officer who is the junior of two officers keeping double watches a voyage may count towards the qualifying seagoing services for Chief Mate and Master under qualification rules, two-thirds of the watch keeping time served up to a maximum of nine months and the exact nature of a candidate's service must be clearly established by one or more certificates signed by the Master in the form as prescribed by the Department of Marine Administration.

(G) **Mixed Service**

(1) Where a candidate has performed his seagoing service in more than one capacity, or partly in the foreign trade and partly in the near coastal trade, proportionated allowances will be made for each kind of service, provided that in other respects such service complies with the requirements of these rules.

(2) Testimonial required for evidence of service in foreign vessels.

(3) The testimonials of service of Myanmar seafarers serving in foreign vessels which cannot be verified at the Department of Marine Administration must be confirmed either by the Consular or some other recognized official authority of the foreign country, or by the testimony of some credible person having personal knowledge of the facts to be established. The production, however, of such proofs will not necessarily be deemed sufficient. Each case will be decided on its own merit.

(H) **Deck Cadets or Trainees**

(1) The Whole of the service claimed under *approved training record book* as a deck trainee will be accepted as actual seagoing service to qualify under qualification rule for Officer in charge of a Navigational Watch (OOW) Certificate, provided that, the candidate has served at sea four-fifths of the time claimed, that is to say, has spent not more than one-fifth of the time in home ports.

(2) Deck trainees must produce evidence that an *apporved training programme* has been followed, and that all service while on board ship was performed in a satisfactory manner. Candidates who fail to produce satisfactory evidence that they have followed a training programme approved by the Department of Marine Administration may be required to complete an additional period of sea service before being considered eligible for a certificate of competency.

(I) **Training Ships** One half the time served after the age of 18 on board a recognized and approved training ship will be allowed to count as qualifying seagoing service, provided that the candidate can produce a certificate from the Master or Marine Superintendent testifying to his good conduct and proficiency of the training, subject to a given limit in the case of each training ship and to the condition that the total remission of seagoing service in respect of attendance at training ships and approved course of training/studies as set out in rules for shore training shall never exceed twelve months.

(J) **Maritime Training Centres or Institutions ashore**

(1) Time spent after the age of 16 at Maritime Training Centres or Institutions for nautical traning conducted on premises ashore may be allowed to count in some proportion as service at sea provided that:

(a) after an inspection by one of its officers and by the recommendation of the Director (Nautical) of the Department of Marine Administration is satisfied that the centre or institution gives a training that justifies time spent there being reckoned as part of the necessary qualifying seagoing service for a Certificate of Competency; and

(b) the candidate produces a satisfactory certificate as regards conduct and proficiency from the authorities of the centre of institution on leaving it.

(2) The centres or institutions to which these arrangements may apply are:

(a) Courses leading to a Diploma or a Degree in Nautical Science at the Maritime University or similar maritime institutions; seagoing

service requirement will be determined at the time of the approval of the training scheme by the Department of Marine Administration.

(b) Institutions, other than Maritime College and University stated in above paragraph 5 (J) (2) (a), at which candidate resides and receives training for a period of one year or more; or course of not less than one academic year, in navigation and seamanship, after the age of 16 at nautical residential training Institute. The maximum remission of seagoing service that will be allowed in respect of attendance at such an institution will be fixed at the time of approval; it will never exceed 12 months.

(3) In the cases of centres and institutions of classes under above paragraph 5 (J) (2) (a) or 5 (J) (2) (b), the certificate must show that he has successfully completed the course. A candidate who, at different times, has attended two or more approved institutions of nautical training other than mentioned in paragraph 5 (J) (2) (b), will be allowed a remission of seagoing service in respect of attendance at each of them, subject to the condition that the total remission of seagoing service in respect of attendance at approved institutions and training ships will never exceed 12 months.

(K) **Foreign Nautical Training Ship** On application time spent after the age of 18 on board a Nautical Training ship of shore establishment in the foreign countries may be counted towards a qualified seagoing service for the Certificate of Competency as Officer in charge of a Navigational Watch (OOW) in some proportion to a maximun of twelve months provided it is approved by the Director (Nautical), Department of Marine Administration.

(L) **Service in Naval ships**

(1) Naval Officers/Ex-naval officers who served in naval vessels of TYPE 'A' and TYPE 'B' which are recognized by Department of Marine Adminstration (DMA) with not less than 36 months seagoing service in the deck department on board ships proceeding to sea may be counted a qualified seagoing service for Deck Officer Class V, and for Deck Officer Class III it will be required to complete a minimum of 3 months on merchant vessels. Seagoing service performed exclusively in naval vessel will count at two-third rate towards qualifying seagoing service for Certificate of Competency as Deck Officer Class III and Deck Officer Class V. Candidates will be required to complete seagoing services record from the Commander in Chief (Navy) Office.

(2) Ex-Naval Deck Rating who served in Naval Vessels of Type 'A' and Type 'B' which are recognized by Department of Marine Administration (DMA) with not less than 12 months seagoing service in the deck department on board ships proceeding to sea may be counted a qualified seagoing service for Rating Forming Part of the Navigational Watch. Seagoing service performed exclusively in naval vessel will count at two-third rate towards qualifying seagoing service. Candidates will be required to complete seagoing service record from the Commander in Chief (Navy) Office.

(M) **Service in deep sea fishing or seagoing tugs** For holders of Schooner Master seagoing service performed exclusively in trawlers and other deep sea fishing vessels or in seagoing tugs will count at two-third rate towards qualifying seagoing service for Certificate of Competency as Officer in charge of a Navigational Watch (OOW) and Chief Mate (Near Coastal Voyage). In addition to such service in trawlers, or in pilot vessels, a candidate must prove at least 12 months of service in merchant trading vessels in the International Voyage.

(N) **Service in pilot vessels or lighthouse tenders** Service performed in pilot vessels or in lighthouse tenders will count at two-thirds rate towards qualifying seagoing service for Certificate of Competency as Officer in charge of a Navigational Watch (OOW) and Chief Mate (Near Coastal Voyage) on condition that 18 months must have been served in merchant trading vessels in the Interanational Voyage.

(O) **Service in non-trading vessels**

(1) Service in non-trading vessels may result in limitation as to use being placed on the Certificate of Competency or endorsement issued.

(2) Service in cable ship, sail training vessels, fishery cruisers, research vessels, salvage vessels, navigational aids tenders and other vessels engaged in similar activities will be counted in full if the time actually spent at sea constitutes or exceeds two-thirds of the total period of service on board ships. If the actual seagoing service falls below this proportion, one-half times the actual seagoing service will be counted as qualifying seagoing service. Candidates will be required to produce, in addition to the evidence of seagoing service required of all candidates, a statement or certificate from the owners of the ship showing the amount of time actually spent at sea.

(3) Service standing by a new vessel during the final stages of construction, provided that an officer is the holder of a Deck Officer Class II Certificate of Competency and subsequently serves in such a vessel on the maiden voyage, will count in full towards the qualifying seagoing service for a Deck Officer Class II Certificate of Competency or for a Command Endorsement up to a maximum of 6 months.

(P) **Remission of Seagoing Service**

(1) Except where stated in paragraph 5 (J) (2) (a), the specified periods of seagoing service for Officer in charge of a Navigational Watch (OOW) and Chief Mate (Near Coastal Voyage) certificates may be reduced by remissions granted in respect of attendance at approved courses of training, and in recognition of certain higher academic qualifications.

(2) Remission from the qualifying seagoing service requirements for Master and Chief Mate Certificate of Competency may be granted in respect of satisfactory attendance at certain short courses approved by the Department of Marine Administration. Courses which attract this remission must satisfy the criteria of:

(a) having maritime industrial application for improving the professional capabilities of deck officers;

(b) there being industrial support;

(c) there being inspected and approved by the Department of Marine Administration; and

(d) attendance not being a mandatory requirement.

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် ( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ပဉ္စမ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ပဉ္စမ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (PYINSAMA TRADING COMPANY LIMITED)** ကို (၂၆-၁၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွဋ်ဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ် လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U SI THU MAUNG
Managing Director
Pyinsama Trading Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွဋ်ဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ဉာဏ်ရည်လင်းလက် ကုမ္ပဏီလီမိတက်**

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဉာဏ်ရည်လင်းလက် ကုမ္ပဏီလီမိတက် (SHINE HEAD COMPANY LIMITED.)** ကို (၂၆-၁၁-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) **ဦးမင်းလွင်ထူး (အထက်တန်းရှေ့နေ)** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ (၂) ဦးရဲထွန်းဆွေ (B.Sc) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U SI THU MAUNG
Managing Director
Shine Head Co., Ltd.

ဦးမင်းလွင်ထူး
(အထက်တန်းရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဦးရဲထွန်းဆွေ (B.Sc)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၉-၁၁-၂၀၁၃။